မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄၅/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၄၅/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့အရ အမှတ်(၁) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စွာခိုင်အား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အဖြစ် ယနေ့မှစ၍ ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဝန်ကြီးဌာနတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄၆/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၄၆/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

ဝန်ကြီးဌာနတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့အရ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား အမှတ်(၁) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာ အမှတ် (၇၅/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်ကြော်ငြာစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၇၅/၂၀၁၁

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ စစ်ရေး၊ သဘာဝဘေးအန္တရာယ်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ သတင်းများထုတ်ပြန်ခြင်း၊ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ သတင်းထုတ်ပြန်ချက် ထုတ်ပြန်ပေးခြင်းများ တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)အရ "ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့"ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က)	ဦးကျော်ဆန်း ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ခေါင်းဆောင်
(ခ)	ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဂ)	ဦးမောင်မြင့် ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ဦးစိုးဝင်း ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ဦးမြင့်သိန်း ဒုတိယဝန်ကြီး အလုပ်သမားဝန်ကြီးဌာန	အဖွဲ့ဝင်
(စ)	ဦးထွန်းထွန်းဦး ဒုတိယရှေ့နေချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး	အဖွဲ့ဝင်
(ဆ)	ရဲချုပ်ကျော်ကျော်ထွန်း ရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့	အဖွဲ့ဝင်
(ဇ)	ဗိုလ်မှူးကြီးလူအေး စစ်ဦးစီးဗိုလ်မှူးချုပ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)	အဖွဲ့ဝင်
(ဈ)	ဦးတင်မျိုးကြည် ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး	အဖွဲ့ဝင်
(ည)	ဦးရဲမင်း ဒုတိယညွှန်ကြားရေးမှူးချုပ် သမ္မတဦးစီးရုံး	အဖွဲ့ဝင်
(ဋ)	ဦးဇော်မင်းဦး ဦးဆောင်ညွှန်ကြားရေးမှူး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	အတွင်းရေးမှူး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဩဂုတ် ၁၁ ရက်)

ဆိပ်ကမ်းများဝန်ဆောင်မှု အပြည့်အဝပေးနိုင်ရေးကြိုးပမ်း

မြန်မာနိုင်ငံ၏ အဓိကကျသော ပင်လယ်ရေကြောင်းကုန်သွယ်မှုဆိပ်ကမ်းတစ်ခုဖြစ်သည့် ရန်ကုန်ဆိပ်ကမ်းသည် ကုန်စည်ဝင်ထွက်မှု တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိသည်။ ယနေ့အခါတွင် ကမ္ဘာ့ကုန်သွယ်ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ တစ်နေ့တခြား မြင့်တက်လျက်ရှိသည့်နည်းတူ ရန်ကုန်ဆိပ်ကမ်းသို့ဝင်ရောက်သည့် သင်္ဘောကြီးများ၏ အရေအတွက်သည်လည်း တိုးပွားလာလျက်ရှိသည်။

ယနေ့အချိန်တွင် ရန်ကုန်ဆိပ်ကမ်း၌ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား ၁၇ စင်း၊ သီလဝါဆိပ်ကမ်း၌ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားခြောက်စင်း စုစုပေါင်းဆိပ်ခံတံတား ၂၃ စင်းရှိပြီး သင်္ဘောကြီး ၂၃ စင်း တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်သည်။ နိုင်ငံခြားသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်မှု၌ ၂၀၁၀- ၂၀၁၁ ခုနှစ်က ရန်ကုန်ဆိပ်ကမ်းအသီးသီးတွင် ကုန်သေတ္တာတင်သင်္ဘောစင်းရေ ၄၇၆ စင်းနှင့် အထွေထွေကုန်တင်သင်္ဘောစင်းရေ ၁၁၄၃ စင်း စုစုပေါင်း ၁၆၁၉ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့သည်။

ဆိပ်ကမ်းကုန်စည်ကိုင်တွယ်မှုတွင် တစ်နှစ်လျှင် အများဆုံးကုန်တန်ချိန် သန်း၂၀အထိ ကိုင်တွယ်နိုင်သဖြင့် ရေရှည်တွင် ကုန်တန်ချိန် သန်း ၁၀၀ အထိ ကိုင်တွယ်ဆောင်ရွက်ရန်နှင့် ဆိပ်ကမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်းနှင့်အတူ တန်ချိန် ၃၀၀၀၀ နှင့် ၃၅၀၀၀ ရှိ သင်္ဘောကြီးများ ဝင်ထွက်နိုင်သည့် ရေကြောင်းလမ်းကို တူးဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ၌ စီမံကိန်းလုပ်ငန်းများပြီးစီးပါက ဆိပ်ခံတံတား ၄၁ စင်းရှိလာမည်ဖြစ်ပြီး သင်္ဘော ၄၃ စင်း တစ်ပြိုင်တည်းဆိုက်ကပ်နိုင်မည်ဖြစ်သည်။ ထို့အပြင် တစ်နှစ်လျှင် ကုန်တန်ချိန် သန်း ၁၀၀ ခန့်ကိုင်တွယ်နိုင်မည့် စီမံကိန်းလုပ်ငန်းဖြစ်၍ လုပ်ငန်းများကို နိုင်ငံတကာအဆင့်ရှိသည့် ခေတ်မီဆိပ်ကမ်းတစ်ခုအဖြစ် ဝန်ဆောင်မှုများပေးနိုင်ရန် စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်ဆိပ်ကမ်းအဆင့်မြှင့်လုပ်ငန်းများ ဆောင်ရွက်နေသည့်နည်းတူ သီလဝါဆိပ်ကမ်းကိုလည်း ဆောင်ရွက်လျက်ရှိရာ အနာဂတ်တွင်ဖြစ်ပေါ်လာမည့် ရန်ကုန်ဆိပ်ကမ်းအခြေအနေကို ကြိုတင်တွက်ဆ၍ ဝန်ဆောင်မှုအပြည့်ပေးနိုင်ရန် စီမံချက်များကို အမြန်ဆုံးပြီးစီးရန်ဆောင်ရွက်ခြင်းဖြင့် ဆိပ်ကမ်းများ စွမ်းဆောင်ရည်မြင့်မားလာသည်နှင့်အညီ စီးပွားရေးအရလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း
မင်းဘူးခရိုင်၌ ကွင်းဆင်းဆောင်ရွက်

မင်းဘူး ဩဂုတ် ၁၀

နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အိမ်ထောင်စုစာရင်း ထုတ်ပေးရေးလုပ်ငန်းများတွင် ဖြေလျှော့နည်းဖြင့် ဆောင်ရွက်ပေးခြင်းအကြောင်း ရှင်းလင်းပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ် တောင်မန်းကျေးရွာ၌ ဩဂုတ် ၃ ရက်က ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးလှဒေါင်းတို့က နိုင်ငံသားအရည်အချင်းနှင့် ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

ပညာရည်ချွန်ဆုပေးပွဲ မဒေါက်မြို့၌ ကျင်းပ

ညောင်လေးပင် ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာစု၊ ရန်ကုန်မြို့မှ ကျောင်းသားကျောင်းသူများဖြစ်ကြသော ဦးခင်ဝင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဦးစီးအရာရှိ ဦးမြင့်ဝေ၊ ဦးတင်အောင်စိုး၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးလှကြည်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြသိန်းတို့က အမှာစကားပြောကြားကြပြီး မိဘဆရာအသင်းအတွင်းရေးမှူး ဆရာဦးအောင်ဌေးက မိဘဆရာအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ညောင်လေးပင်မြို့နယ် မဒေါက်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မောင်မျိုးဇေယျာပိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာစုက ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (၁၃၈)

စစ်ဆေး

ကန့်ကြီးထောင့်မြို့နယ် ဒါးက-ကျိမ်ချောင်း ကူးတို့လုပ်ငန်းများ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကို ဩဂုတ် ၆ ရက်က အမှုဆောင်အရာရှိ ဦးလှသိန်းကြီးကြပ်လျက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖွင့်ပွဲ လယ်ဝေး၌ကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၏ ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့်လယ်ဝေးမြို့ ခုတင် ၁၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာစိုးစိုးနိုင်တို့က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ငါးနှစ်အောက်ကလေးများနှင့် မိခင်များအား အားဆေးများ တိုက်ကျွေးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဘုတ်ပြင်းမြို့၌ ဆောင်ရွက်

ဘုတ်ပြင်း ဩဂုတ် ၁၀

ဘုတ်ပြင်းမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်း၊ နံရံကပ်စာစောင်များကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဇူလိုင် ၂၅ ရက်က ဘဏ်လမ်းဆုံ၌ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စိုးမိုး၊ မြို့နယ်လျှပ်စစ်မှူး ဦးဝင်းဗိုလ်နှင့်ဝန်ထမ်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့ပေါ်နှင့်ကျေးလက် လျှပ်စစ်မီးသုံးသူများအား အန္တရာယ်ကင်းရှင်းစွာ လျှပ်စစ်သုံးစွဲရေး ရှင်းလင်းပြောကြားပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များကို ပေးဝေခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

လှိုင်းဘွဲ့-ကော့လှိုင်း မြေသားလမ်းဖောက်

လှိုင်းဘွဲ့ ဩဂုတ် ၁၀

လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော လှိုင်းဘွဲ့-ကော့လှိုင်း မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဩဂုတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးသိန်းစိုး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ်(၄/၂၀၁၁) ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်(၄/၂၀၁၁)ကို ယနေ့နံနက်၁၀နာရီတွင်နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Mr.Chua Hian Kong Robert** လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chua Hian Kong Robert သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကျော်ညွန့်၊ ဗိုလ်မှူးကြီးအောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဂျပန်နိုင်ငံ ITOCHU Corporation မှ အမှုဆောင် ဒုတိယဥက္ကဋ္ဌ Mr. Yuji Fukuda ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ဧည့်သည်များ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၀

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား အမေရိကန်ပြည်ထောင်စု Caterpillar Inc မှ အာရှ ပစိဖိတ်ဒေသတာဝန်ခံ ဒါရိုက်တာ Mr.Walt Bradbury ဦးဆောင်သောအဖွဲ့နှင့် ဂျပန်နိုင်ငံ ITOCHU Corporation မှ အမှုဆောင် ဒုတိယဥက္ကဋ္ဌ Mr. Yuji Fukuda ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် သက်ဆိုင်ရာ ကုမ္ပဏီများမှ မြန်မာနိုင်ငံအတွင်း ကုန်းတွင်း၊ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပိုက်လိုင်းတည်ဆောက်ခြင်းနှင့် ရေနံဓာတု အခြေခံစက်ရုံ အလုပ်ရုံများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခွင့်ရရှိရေး၊ နည်းပညာ အထောက်အပံ့များ ပံ့ပိုးပေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၁၀

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပသော တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်(**အပေါ်ပုံ**)က အဖွင့်အမှာစကားပြောကြားကာ တက်ရောက်လာကြသော မြို့နယ်/မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများက မိမိတို့ ဒေသအတွင်း ကျေးလက်ဒေသ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှု၊ လောင်းကစားမှုပပျောက်ရေး စီမံဆောင်ရွက်ထားရှိမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍနှင့်သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေး (ဒုတိယနေ့)ကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းကော်မတီအသီးသီးတွင် ဥက္ကဋ္ဌတာဝန်ယူထားကြသော တိုင်းဒေသကြီးဝန်ကြီးများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ထပ်မံဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်က ရေဝတီတိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေနှင့် အားသာချက်၊ အားနည်းချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

မှာကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကဏ္ဍတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ကျေးရွာတိုင်းမီးလင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နှစ်ရှည်ပင်များ စိုက်ပျိုးသွားရေး၊ မြို့ရွာများသန့်ရှင်းသာယာလှပရေးနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုများ တိုးတက်မှုရှိရေး တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသ မီးလင်းရေး ကောလင်း၌ ဓာတ်အားခွဲရုံဖွင့်

ကောလင်း ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကြူတော၊ တံစူး ၂၄ နာရီ လျှပ်စစ်မီးလင်းရေး ဓာတ်အားခွဲရုံလိုင်းသစ်ဖွင့်ပွဲကို ဩဂုတ် ၉ ရက် ညနေ ၆ နာရီက အဆိုပါ ဓာတ်အားခွဲရုံရှေ့၌ကျင်းပရာ ကသာခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဝင်းရွှေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးယောမင်းထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ခင်တို့က ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဓာတ်အားခွဲရုံမှူး ဦးနိုင်ထွန်းဝင်းက ဓာတ်အားခွဲရုံဓာတ်အားလိုင်းကို ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ အဆိုပါဓာတ်အားခွဲရုံမှ ဓာတ်အားများဖြင့် ကြူတောကျေးရွာမှ အိမ်ထောင်စု ၁၂၀နှင့် တံစူးကျေးရွာမှ အိမ်ထောင်စု ၉၀တို့ ၂၄နာရီ လျှပ်စစ်မီးသုံးစွဲနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။ (၀၉၂)

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးရုံ(ရန်ကုန်)သို့ ငွေပဒေသာပင်စိုက်ထူခြင်းနှင့် ဆေးရုံတက်လူနာများအား အာဟာရကျွေးမွေးလှူဒါန်းခြင်းအခမ်းအနားကို ဩဂုတ် ၃ ရက်ကကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့် အဖွဲ့ဝင်များက အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၁၁-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၃ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၂၀ ၅။ ဓမ္မပူဇာတေး
- ၇:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၄၀ ၇။ မြန်မာ့ရှုခင်း
- ၇:၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၃ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄:၃၅ ၇။ ဗွီစီဒီကျော်ကြားတေး
- ၄:၄၅ ၈။ မွေးမြူသုတ
- ၄:၅၀ ၉။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၁၀။ သန့်စွာကိုင်လေ စက္ကူငွေ
- ၅:၁၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း**(အပိုင်း-၉၀)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၅။ **ထူးဆန်းထွေလာ မျက်လှည့်ပညာ**
- ၆:၄၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၄၇)
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်း နေမင်း ကြယ်တစ်စင်း** (အပိုင်း -၃၉)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဗို့တာဝန်အရေး(၃)ပါး
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ အနုပညာရှင်၏တစ်နေ့တာ
- ၂၄။ ကုန်သွယ်သုတ
- ၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရောင်ပြန်မေတ္တာ** (အပိုင်း-၈)
- ၂၇။ ဂီတရင်ခုန်သံ

ဘဂ္ဂဒက်မြို့တောင်ဘက်၌ ဗုံးများပေါက်ကွဲ

ဘဂ္ဂဒက် ဩဂုတ် ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာဒေသတွင် ဩဂုတ် ၉ ရက်က ဗုံးပေါက်ကွဲမှုများဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ဩဂုတ် ၁၀ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

ဖြစ်ပွားမှုမှာ ဘဂ္ဂဒက်တောင်ဘက် အစ်ကန်ဒါယီယက်မြို့တွင် နေရာခြားပြီး ဗုံးလေးလုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗုံးများပေါက်ကွဲမှုကြောင့် အမျိုးသမီးတစ်ဦး၊ ကလေးငယ် နှစ်ဦးအပါအဝင် ခြောက်ဦးသေဆုံးခဲ့ပြီး အနီးဝန်းကျင်ရှိနေအိမ်များ ပျက်စီးခဲ့သည်။ ဗုံးပေါက်ကွဲတိုက်ခိုက်မှု၏နောက်ကွယ်၌ မည်သည့်အကြမ်းဖက်အဖွဲ့အစည်းက ပြုလုပ်သည်ကို ရှင်းလင်းစွာ မသိရှိရသေးကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

ကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ပစ်ခတ် အာဖဂန်အရပ်သား နှစ်ဦးသေဆုံး

ကဘူးလ် ဩဂုတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံ ခိုရာနီမြို့၌ ဩဂုတ် ၈ ရက်က အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သဖြင့် အာဖဂန်အရပ်သားနှစ်ဦး သေဆုံးခဲ့ကြောင်း ပရက်စ်တီဗွီ သတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

ဖမ်းဆီးခေါ်ဆောင်

နေတိုးအဖွဲ့၏လေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းသားတစ်ဦးနှင့် အရပ်သားတစ်ဦးတို့သည် အဆိုပါမြို့၌ သေဆုံးသွားခဲ့ကြကြောင်း အဆိုပါသတင်းတွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

ထိုနေ့ စောစောပိုင်းကလည်း နိုင်ငံခြားတပ်ဖွဲ့ဝင်များက ယင်းမြို့မှ အရပ်သားငါးဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဒေသခံပြည်သူများက ပြောကြားသည်။

စိုးရိမ်မိ

ယင်းကိစ္စနှင့်ပတ်သက်ပြီး အာဖဂန်သမ္မတ ဟာမစ် ကာဇိုင်းက စိုးရိမ်မိကြောင်း၊ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များအနေဖြင့် အရပ်သားများအား တာလီဘန်လက်နက်ကိုင်များနှင့် ရောနှောသတ်ဖြတ်နေသည်မှာ ရပ်တန်းကရပ်သင့်ပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

အသက်ဆုံးရှုံး

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း လွန်ခဲ့သောလများက အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ရာနှင့်ချီသည့် အရပ်သားများ အသက်ဆုံးရှုံးခဲ့ကြရသည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၁၀

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၁၀ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ **၇၀၆၇၁၂** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၁၂၈၀၄၀၆** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၇၁၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၈၀၄၀၆ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဩဂုတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှ စတင်ပြီး ဩဂုတ် ၁၀ ရက်အထိ သေဆုံးခဲ့သည့်အာဖဂန်ပြည်သူ ဦးရေမှာ **၃၄၁၇၂** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၄၁၈၄၈** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၄၁၇၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၈၄၈ ဦး

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

တရုတ်နိုင်ငံ ယူနန်ပြည်နယ်၌ ငလျင်လှုပ်

ကူမင်း ဩဂုတ် ၁၀

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ဩဂုတ် ၉ ရက် ညဦးပိုင်းက ရစ်ချ်တာစကေး ၅ ဒသမ ၂ အင်အားရှိသော ငလျင်လှုပ်ခဲ့ရာ အဆောက်အအုံအချို့ ပျက်စီးပြီး ဒေသခံ ၄၀၀၀၀ ကျော် ငလျင်ဒဏ်ကြုံတွေ့ခံစားခဲ့ရကြောင်း ဒေသအာဏာပိုင်များက ဩဂုတ် ၁၀ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

ရွှေ့ပြောင်းပေးခဲ့

ငလျင်လှုပ်မှုကြောင့် ယူနန်ပြည်နယ် ဘိုရှန်မြို့တွင် မိသားစု ၁၀၄၇၄ စုမှ လူဦးရေ ၄၄၃၄၁ ဦးတို့ ငလျင်ဒဏ်ကြုံတွေ့ခံစားခဲ့ရပြီး ၎င်းတို့အနက်မှ ၄၄၁ ဦးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ သုံးဦးမှာ ဒဏ်ရာရရှိ၍ ဆေးရုံသို့ တင်ပို့ခဲ့ရသည်။ ငလျင်ဒဏ်ကြောင့် အိမ် ၂၂၈၂၃ လုံးနှင့် အဆောက်အအုံများ ပျက်စီးခဲ့သည်။ ငလျင်လှုပ်မှုမှာ ဘိုရှန်မြို့ တန်ချုန်စီရင်စုနှင့် လောင်ယန်ခရိုင်၏ မြေအောက်အနက် ၁၁ ကီလိုမီတာ၌ ဗဟိုပြုပြီး ဩဂုတ် ၉ ရက် ည ၇ နာရီခန့်က လှုပ်ရှားခဲ့ခြင်းဖြစ်သည်။ ငလျင်လှုပ်ရာဒေသသို့ အဖွဲ့ဝင် ၄၈၀ ခန့်ပါရှိသော ကယ်ဆယ်ရေးအဖွဲ့စေလွှတ်ကာ အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

အိန္ဒိယသမုဒ္ဒရာအတွင်း ကူးတို့ယာဉ် နစ်မြုပ်၊ ၅၄ ဦးသေဆုံး

မိုရိုနီ ဩဂုတ် ၁၀

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ကိုမိုရို့စ်ကျွန်းကမ်းလွန်တွင် ဩဂုတ် ၉ ရက်က ကူးတို့ယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ ၅၄ ဦး သေဆုံးပြီး အချို့ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ကိုမိုရို့စ်ကျွန်း ကြက်ခြေနီအဖွဲ့က ဩဂုတ် ၁၀ ရက်၌ ပြောကြားသည်။

ယင်းကူးတို့ယာဉ်သည် ခရီးသည် ၉၃ ဦးနှင့် ရေယာဉ်အမှုထမ်းငါးဦးကို တင်ဆောင်ကာ အင်ဂျူအန်ကျွန်းသို့ မောင်းနှင်လာစဉ် ကိုမိုရို့စ်ကျွန်းတောင်ဘက်အရောက် ရာသီဥတုဆိုးရွားမှုကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)** ကယ်ဆယ်ရေးအဖွဲ့များက အလောင်းများကို မိုရိုနီမြို့ အီလ်မာရော့ဖ်အမျိုးသားဆေးရုံသို့ ပို့ဆောင်ပြီး ကယ်ဆယ်ရရှိသူများကို ဖွမ်ဘူနီနှင့် အော်ဇီဝါနီမြို့ ဆေးရုံများသို့ တင်ပို့ပေးထားသည်။

အဆိုပါကူးတို့ယာဉ်မှာ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ကိုမိုရို့စ်ကျွန်းနှင့် အင်ဂျူအန်ကျွန်းတို့အကြား ခုတ်မောင်းပြေးဆွဲပေးနေသော ကူးတို့ယာဉ်ဖြစ်သည်။ ပင်လယ်ပြင်၌ ပျောက်ဆုံးနေသူများအား ဆက်လက်ရှာဖွေလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

ကောင်းမြတ်သူ - စုစည်းသည်

ပါကစ္စတန်ဂြိုဟ်တု တရုတ်လွှတ်တင်ပေးမည်

စီချမ် ဩဂုတ် ၁၀

တရုတ်နိုင်ငံက မကြာမီရက်များအတွင်း ပါကစ္စတန်နိုင်ငံအတွက် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံး လွှတ်တင်ပေးမည်ဖြစ်ကြောင်း တရုတ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၁၀ ရက်တွင် ပြောကြားသည်။ PAKSAT-1R ဟုအမည်ပေးထားသော ပါကစ္စတန်ဂြိုဟ်တုကို တရုတ်နိုင်ငံ စီချန်း ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ Long march-3B ဒုံးပျံဖြင့် သယ်ဆောင်လွှတ်တင်ပေးမည်ဖြစ်ကြောင်း အဆိုပါ တရုတ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ဘီစကွတ်တန်ချိန် ၈၀၀ ဆိုမာလီသို့ပေးပို့

နိုင်ရိုဘီ ဩဂုတ် ၁၀

ဆိုမာလီနိုင်ငံတွင်ကျရောက်နေသော ဆိုမာလီပြည်သူများ၏ ငတ်မွတ်ခေါင်းပါးမှုကို ကယ်တင်ရန် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က အာဟာရပြည့်ဘီစကွတ်မုန့် တန်ချိန် ၈၀၀ ပေးပို့လျက်ရှိကြောင်း ဩဂုတ် ၁၀ ရက်၌ သတင်းဖော်ပြသည်။

ကုန်တင်လေယာဉ်ကိုးစင်းဖြင့် တင်ဆောင်လာသော ယင်းဘီစကွတ်မုန့်များသည် လူဦးရေ ၁ ဒသမ ၆ သန်းအတွက် တစ်ရက်စာလုံလောက်မည်ဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအေဂျင်စီက ဩဂုတ် ၁၀ ရက်၌ ပြောကြားသည်။ *(အင်တာနက်)*

ပါကစ္စတန်၌ ကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်

အစ္စလမ္မာဘတ် ***ဩဂုတ် ၁၀***

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ဩဂုတ် ၁၀ ရက်က အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်း၏ တိုက်ခိုက်မှုကြောင့် လူ ၂၁ ဦး သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ ထောက်လှမ်းရေးတာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ မောင်းသူမဲ့လေယာဉ်မှ ဒုံးကျည်နှစ်လုံးပစ်လွှတ်ခဲ့ရာ မြောက်ဝါဇီရစ္စတန်ခရိုင် မီရှန်ရှပ်မြို့၌ မော်တော်ယာဉ်တစ်စီးနှင့် အိမ်တစ်လုံးကို ထိမှန်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ဘရာဇီး၌ ဓာတ်လှေကားပြုတ်ကျ၊ ကိုးဦးသေဆုံး

ဘရာဆီးလီးယား ဩဂုတ် ၁၀

ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်း ဆယ်ဗာဒေါ်ဒီဘာဟီးယားမြို့၌ ဩဂုတ် ၉ ရက်က ဆောက်လုပ်ဆဲ အဆောက်အအုံတစ်ခုအတွင်း တပ်ဆင်ထားသော ဓာတ်လှေကားတစ်စင်း အမြင့်မီတာ ၂၀ မှ ပြုတ်ကျခဲ့ရာ ဓာတ်လှေကားမောင်းသူတစ်ဦး အပါအဝင် အနည်းဆုံး လူကိုးဦး သေဆုံးသွားခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ *အမ်အင်န်အေ၊ ဆင်ဟွာ*

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ကသာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကသာခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဩဂုတ် ၂ ရက် နံနက်ပိုင်းက အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာအတွက် အားကစားပစ္စည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝတ်စုံများ၊ စာကြည့်တိုက်အတွက် သုတ ရသ၊ မဂ္ဂဇင်း၊ စာစောင်များ ပေးအပ်ထောက်ပံ့ကာ အခြေခံပညာအထက်တန်းကျောင်းနှစ်ထပ်တိုးချဲ့ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် အုန်းဒုတ်ကျေးရွာ မူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျေးရွာအတွက် အားကစားပစ္စည်းများ၊ လူမှုရေးအသင်း ဝတ်စုံများ၊ စာကြည့်တိုက်အတွက် သုတ ရသ၊ မဂ္ဂဇင်း၊ စာစောင်များကို ပေးအပ်သည်။ တိုင်း ဒေသကြီးဝန်ကြီးချုပ်သည် ဩဂုတ် ၃ ရက် နံနက်ပိုင်းက အင်းတော်မြို့ အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး ကျေးရွာအတွက် အားကစားပစ္စည်းများ၊ ဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များ၊စာရေးကိရိယာများ၊စာကြည့်တိုက်အတွက် သုတရသ၊ မဂ္ဂဇင်း၊ စာစောင်များ ပေးအပ်ကာ ကသာမြို့နယ် လမ်းခွ ကျေးရွာ ကွင်းအမှတ်(၇၀၃) ရှိ တောင်သူ ဦးဌေးသောင်း၏ မိုးစပါးစိုက်ခင်း၌ မြေဩဇာ စုပေါင်းကြဲပက်နေမှုနှင့် ကသာ-အင်းတော်လမ်း မိုင်တိုင် (၅၄/၅၅) အကြား ဆည်ထူးပန်ကုမ္ပဏီက လမ်းများ ပြုပြင်တိုးချဲ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ကသာ-ဗန်းမော်လမ်း ဖောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကသာမြို့ ရောရွှေလီခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ အားကစားပစ္စည်းများ၊ ဝတ်စုံများ၊ စာကြည့်တိုက်အတွက် သုတ ရသ၊ မဂ္ဂဇင်း၊ စာစောင်များ ပေးအပ်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ကသာမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ မြို့နယ်ပြည်သူ့အားကစားကွင်း ပြုပြင်ထားရှိမှုနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှု ခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးသည်။

ထို့နောက် ကသာခရိုင် အုပ်ချုပ်ရေးမှူးရုံးအစည်းဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး ကမ်းနားလမ်း၌ ပေ ၇၈၀ မြေထိန်းနံရံ ကျောက်ရိုးစီထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျိုးဆက်ပွားကျန်းမာရေး ပညာပေးသင်တန်း ထန်းတပင်မြို့နယ်၌ ဖွင့်ပွဲကျင်းပ

ထန်းတပင် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၆ရက်ကမျိုးဆက်ပွားကျန်းမာရေး ပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးကအမှာစကားပြောကြားသည်။ **(ယာပုံ)**

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ စီမံချက်ညှိနှိုင်းရေးမှူး ဦးမောင်မောင်လွင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ ဆိုးကျိုးများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ထန်းတပင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စိန်စိန်က မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်သည့် ကိုယ်ဝန်ဆောင်မိခင်လောင်းများ လိုက်နာရမည့် အချက်အလက်များကို လည်းကောင်း၊ ဒေါက်တာ ဒေါ်အေးမြစံက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဟောပြောဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရသည်။ **(ဝ၄၈)**

ဝေါမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၏ မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ကွန်ပျူတာလှူဒါန်းပွဲကို ဇူလိုင် ၁၈ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ အလှူရှင်ကိုယ်စား ဦးစန်းယုက ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသက်မော်ထံ ကွန်ပျူတာတစ်စုံပေးအပ်လှူဒါန်းစဉ်။ (ပညာရေး)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဒေးဒရဲမြို့နယ်၌ ရှင်းလင်းဆွေးနွေး

ဒေးဒရဲ ဩဂုတ် ၁၀

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဒေးဒရဲမြို့နယ် လေးအိမ်ကုန်းကျေးရွာ၌ ဇူလိုင် ၃၀ရက်က ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဧရာဝတီတိုင်း ဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း **(အောက်ပုံ)**က အင်းလုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရှဉ့်အဝယ်ဒိုင်များနှင့် ငါးရှဉ့်ဖမ်းဆီးသည့် ရေလုပ်သားများ၊ ဒေသခံပြည်သူများအား သားငါးကဏ္ဍထုတ်လုပ်မှု တိုးတက်စေရေး၊ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ ပေါင်းစည်းလယ်ယာစနစ်ဖြင့် တွဲဖက်လုပ်ကိုင်နိုင်ရေး၊ မိသားစု စားဝတ်နေရေးအတွက် ဝင်ငွေတိုးတက်ရန် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

မေးမြန်းဆွေးနွေး

ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးက ငါးရှဉ့်အဝယ်ဒိုင်များနှင့် ငါးရှဉ့်ဖမ်းဆီးသည့်ရေလုပ်သားများအား အစုအဖွဲ့ဖွဲ့စည်းပြီး လုပ်ကိုင်ကြရန်နှင့် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းခြင်း၊ အဆိပ်ချ ငါးဖမ်းခြင်းများ မပြုလုပ်ကြရန်အတွက် ဟောပြောဆွေးနွေးကာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)



မာန်အောင်မြို့ ဗန္ဓုလလမ်း ပလက်ဖောင်းကပ်တုံးပြုလုပ်ခြင်းကို တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ခန့်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ရက်က အမှုဆောင်အရာရှိ ဦးဦးစောထွန်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရေစီးရေလာကောင်းမွန်ရေး လှိုင်လင်၌ ဆောင်ရွက်

လှိုင်လင် ဩဂုတ် ၁၀

လှိုင်လင်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သီတာလမ်းနှင့် ဂေါ်ရခါးကျောင်းလမ်းရှိ ရေမြောင်းများတွင် နုန်းများနှင့် အမှိုက်များ ဆယ်ယူခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သူရနှင့် အဖွဲ့ဝန်ထမ်းများ ဇူလိုင် ၂၃ရက်က ဆောင်ရွက်ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့်ပျိုးထောင်မိုးစပါးစိုက်ပျိုးပွဲ ရမ်းဗြဲ၌ကျင်းပ

ရမ်းဗြဲ ဩဂုတ် ၁၀

သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့်ပျိုးထောင်မိုးစပါး စိုက်ပျိုးသရုပ်ပြပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၈နာရီက ရမ်းဗြဲမြို့နယ် ရွာကြီးအုပ်စု ကွင်းအမှတ် (၇၁၀) တောင်သူ ဦးကျော်သိန်း၏ ဆင်းသွယ်လတ် စပါးလယ်မြေတစ်ဧကတွင် ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများတက်ရောက်ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျန်သိန်းက စပါးတစ်ဧက တင်း ၁၀၀နှုန်းနှင့်အထက် ထွက်ရှိစေရန် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်(၁၄)ချက်ကို တောင်သူများအား ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(၁၇၄)**

ဖျာပုံ စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ဖျာပုံ ဩဂုတ် ၁၀

ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းက အဖွဲ့ရုံးခန်း၌ ကျင်းပရာ ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်သန်းဌေး(ငြိမ်း)တို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် မူလတန်းမှ တက္ကသိုလ်အဆင့်အထိ ပညာသင်ကြားနေကြသည့် အဖွဲ့ဝင်များ၏သားသမီး ၅၉ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၃၄၇၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး၊ အဖွဲ့ဥက္ကဋ္ဌ **(ဝဲပုံ)**နှင့် တာဝန်ရှိသူတို့က ကျောင်းသားကျောင်းသူတစ်ဦးချင်းထံ ထောက်ပံ့ပေးအပ်ကြပြီး မိဘအုပ်ထိန်းသူများကိုယ်စားအဖွဲ့ဝင် ဒုတိယတပ်ကြပ်အေးကြိုင်(ငြိမ်း)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ဝ၆၆)**

11-8 (05).pmd 1 8/11/2011, 2:33 AM

ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် လယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေးဆောင်ရွက်ချက်နှင့် ကုသရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ ကျောင်းကျန်းမာရေးပညာပေးရေး၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ကျောင်းကျန်းမာရေးအသိပညာပေးပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး (ယာပုံ) ကလေးများအား တစ်ကိုယ်ရေသန့်ရှင်းရေးကို အမြဲမပြတ် ဆောင်ရွက်ကြရန်နှင့် မိမိကိုယ်တိုင်သိရှိပြီးသော ကျန်းမာရေးဗဟုသုတများပြန့်ပွားအောင် လက်ဆင့်ကမ်းဖြန့်ဝေပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးအသိပညာပေးဟောပြောမှုနှင့် အာဟာရကျွေးမွေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသော ကျန်းမာရေးဝန်ထမ်းများနှင့် အာဟာရကျွေးမွေးသည့် အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်ငူမြို့ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

ရန်ကုန် ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းတွင် တောင်ငူမြို့ မိုးကောင်းချောင်းမရှင်စောဘုရားဝင်းအတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် တောင်ငူခရိုင် အုပ်ချုပ်ရေးမှူးက စစ်တောင်းမြစ်ရေလျှံမှု၊ ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာနှင့် အဝတ်အထည်များ ပံ့ပိုးကူညီမှု၊ ကျန်းမာရေး စောင့်ရှောက်မှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စားနပ်ရိက္ခာများ လုံလုံလောက်လောက်ဝေငှပေးရန်၊ ကျန်းမာရေးအတွက် အထူးဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။ ဆက်လက်၍ ရွှေဂူကြီးဘုရားရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး ယိုးဒယားပေါက် (ကျောက်တံတား)ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် ရွှေနံ့သာရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ ရန်ကုန်-မန္တလေးကားလမ်း ရေကျော်နေသည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြောကြား

ထို့နောက် မြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများကို လိုက်လံကြည့်ရှု၍ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)** **(သတင်းစဉ်)**

တောင်ငူမြို့၌ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေရာချထားပေး ထမင်းထုပ်များ၊ ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ၊ သောက်သုံးရေများ ထောက်ပံ့ပေးထားပြီး ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

တောင်ငူမြို့၌ ဩဂုတ် ၉ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်အမှတ်(၇)၊ (၈)၊ (၉)၊ (၁၀)၊ (၂၁)နှင့် မိုးကောင်းရပ်ကွက်တို့၌လည်းကောင်း၊ သဖန်းပင်ကျေးရွာနှင့် ရှမ်းစုကြီးကျေးရွာတို့၌လည်းကောင်း နေအိမ်များ ရေဝင်၍ အိမ်ခြေ ၆၂၁ အိမ်၊ အိမ်ထောင်စု ၆၂၁ စုမှ လူဦးရေ ၃၁၂၂ ဦးတို့အား ကယ်ဆယ်ရေးစခန်း ၁၁ ခု၌ ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း သိရှိရသည်။ ရေဘေးသင့် အိမ်ထောင်စုများအား စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ဓမ္မာရုံများ၌ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ထမင်းထုပ်များ၊ ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ၊ သောက်သုံးရေများ ထောက်ပံ့ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး၌ ရေကြီးနစ်မြုပ်မှုများဖြစ်ပွား ရေဘေးသင့်အိမ်ထောင်စုများအား လိုအပ်သည်များ ကူညီထောက်ပံ့ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီးအတွင်း ဩဂုတ် ၆ ရက်၊ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေဘေးသင့်အိမ်ထောင်စုများအား စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ထမင်းထုပ်များ၊ ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ၊ သောက်သုံးရေများ ထောက်ပံ့ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

နေရာချထားပေး

ပဲခူးမြို့၌ ဩဂုတ် ၉ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် အိမ်ထောင်စု ၁၅၀၆ စု၊ လူဦးရေ ၆၉၂၄ တို့အား ကယ်ဆယ်ရေးစခန်း ၁၈ ခု ဖွင့်လှစ်၍ ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း။

ရွှေကျင်မြို့၌ ဩဂုတ် ၉ ရက်တွင် ရွှေကျင်မြစ်ရေကြီးမှုကြောင့် ပျဉ်းမပင် (ကမ်းနားပိုင်း)၊ မန်ကျည်းတန်း (ကမ်းနားပိုင်း)၊ ပွဲကုန်း(ဇီးတော/ငွေဇလာယံ)၊ ညောင်နိုင်း-တရုတ်တန်းရပ်ကွက်၊ဂန့်ဂေါ်ပိုင်းရပ်ကွက် အနိမ့်ပိုင်းနှင့် ပန်းပဲတန်းရပ်ကွက် အနိမ့်ပိုင်းတို့၌ ရေဝင် နစ်မြုပ်လျက်ရှိပြီး ရွှေကျင်-မဒေါက် ကားလမ်း ပေ ၂၀၀ ခန့် ရေကျော်လျက်ရှိရာ ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်ကြောင်း၊ မြစ်ရေကြီးမှုကြောင့် မြို့ပေါ်ရပ်ကွက်များမှ အိမ်ခြေ ၁၆၉ အိမ်၊ လူဦးရေ ၈၉၀ တို့ အား ကယ်ဆယ်ရေးစခန်း ခြောက်ခုဖွင့်လှစ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထန်းတပင်မြို့၌ ဩဂုတ် ၈ ရက်တွင် စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် ရပ်ကွက် နှစ်ခုနှင့် ကျေးရွာ ကိုးရွာတို့၌ ရေဝင်ရောက်သဖြင့် အခြေခံပညာမူလတန်းကျောင်း ၁၁ ကျောင်းတို့ကို ယာယီပိတ်ထားခဲ့ရပြီး ထန်းတပင်မြို့နယ် ချောင်းခြားရွာနှင့် နှစ်တန့်ကူးရွာအကြားရှိ ဘုမ္မတီးချောင်းကူးတံတားတိုင် နိမ့်ကျသွားခဲ့ကြောင်း။

ညောင်လေးပင်မြို့နယ် မဒေါက်မြို့မ(၂) တာပိုင်းရပ်ကွက်၌ ဩဂုတ် ၉ ရက်တွင် စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် အိမ်ထောင်စု ၁၇ စု၊ လူဦးရေ ၁၀၀ တို့အား ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် သာယာဝတီမြို့နယ်၌ ဩဂုတ် ၆ ရက်မှ ၈ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) မိုင်တိုင်အမှတ် (၅၃/၂)နှင့် (၅၃/၃)အကြားရှိ ဘိုကြီးကုန်းတံတား ပြိုကျပျက်စီး၍ မိုင်တိုင်အမှတ်(၅၄/၀)နှင့် (၅၄/၁)အကြားရှိ သုံးဆယ်ချောင်းတံတား၏ သံပေါင်ရက်မ ပြတ်တောက်ပျက်စီးသွားကာ မိုင်တိုင်အမှတ်(၆၂/၂)ရှိ သဲဖြူချောင်းတံတား၏ ပင်မမြေကာနံရံတိုင်များ ပြတ်တောက်ပျက်စီးသွားကြောင်း၊ သာယာဝတီမြို့နယ် မရမ်းရွာ အခြေခံပညာမူလတန်းကျောင်း အမိုးပျက်စီးသွားပြီး ကျောင်းသားကျောင်းသူများအား ဘုန်းတော်ကြီးကျောင်း၌ ယာယီပညာသင်ကြားပေးလျက်ရှိကြောင်း။

ဆောင်ရွက်ပေးလျက်ရှိ

အလားတူ သုံးဆယ်မြို့၌ ဩဂုတ် ၈ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်ခြေ ၂၀၊ လူဦးရေ ၇၇ ဦးတို့အား ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ပျက်စီးသွားသောလမ်း၊ တံတားများအား ပြန်လည်ပြုပြင်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်အိမ်ထောင်စုများအား တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက စားသောက်နေထိုင်ရေးအတွက် လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးထားပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတစ်ဝန်းမိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွား ရေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေရာချထားပေးပြီး လိုအပ်သည်များ ကူညီထောက်ပံ့ပေးကာ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံတစ်ဝန်း ဩဂုတ် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေဘေးသင့်အိမ်ထောင်စုများအား စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ထမင်းထုပ်များ၊ ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ၊ သောက်သုံးရေများ ထောက်ပံ့ပေးထားပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့၌ ဩဂုတ် ၈ ရက်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဥက္ကံမြို့ပေါ်ရှိ သစ်သားတံတားနှစ်စင်း၊ ခရိုင်ချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတားတစ်စင်းတို့ ပျက်စီးခဲ့ကြောင်း၊ တိုက်ကြီးမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်သားတံတားနှစ်စင်း ကျိုးပဲ့ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၇၆ စုအား ယာယီကယ်ဆယ်ရေးစခန်း ခုနစ်ခုတွင် နေရာချထားပေးကြောင်း သိရသည်။

ရခိုင်ပြည်နယ် သံတွဲမြို့၌ ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သံတွဲမြို့ကမ်းနားပိုင်းရှိ အမှတ်(၁)၊ (၂)၊ (၄)၊ (၆)ရပ်ကွက်တို့နှင့် မြို့တွင်း မာဃလမ်းတို့တွင် ရေနစ်မြုပ်ခဲ့ပြီး အိမ်ခြေ ၆၀ ခန့်အား ကယ်ဆယ်ရေးစခန်းများ၌ နေရာချထားပေးခဲ့ကြောင်း၊ တောင်ကုတ်မြို့၌ ဩဂုတ် ၉ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကုတ်-သံတွဲကားလမ်း မိုင်တိုင်(၁၇/၂)ရှိ သစ်သားတံတားတစ်စင်း ပျက်စီးသွားကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ဩဂုတ် ၇ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တမူးမြို့ပေါ်ရှိ ဈေးတန်းရပ်ကွက်နှင့် စော်ဘွားအင်းရပ်ကွက်တို့၌ ရေနှစ်ပေခန့် ဝင်ရောက်ခဲ့ပြီး အိမ်ခြေ ၅၀၀ ကျော် ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကာ ထမင်းထုပ်၊ သောက်သုံးရေများထောက်ပံ့ပေးထားကြောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနက ဈေးတန်းရပ်ကွက်(၄)ရှိ မြို့နယ်ကြက်ခြေနီရုံးတွင် ဆေးခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ ဖောင်းပြင်မြို့၌ ဩဂုတ် ၈ ရက်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ဗိုလ်ချုပ်လမ်း ဆိပ်မြောင်ကူးကွန်ကရစ်တံတား၏ မြေကာနံရံ ပြိုကျပျက်စီးခဲ့ကြောင်း၊ ကလေးမြို့နယ် ပျဉ်းတောဦးကျေးရွာအုပ်စု ညောင်တုန်းကျေးရွာနှင့် မင်းလှကျေးရွာအကြား နတ်တံခါးချောင်းကူးသစ်သားတံတား ရေတိုက်စား၍ ပျက်စီးသွားပြီး ကျောင်းတိုက်နှင့်ဆည်တော်ဦးရွာအကြား ကိုယ့်အားကိုယ်ကိုး သစ်သားတံတား၏ ကမ်းကပ်ကျောက်ခုံပျက်စီးသွားခဲ့ကြောင်း၊ ကလေးမြို့၌ ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် အမှတ်(၂)ရပ်ကွက်နှင့် အောင်စံပယ်ရပ်ကွက်တို့ရှိ အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၉၈ ဦးတို့အား ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း၊ ထို့အတူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အောင်မြေမာန်ရပ်ကွက်ရှိ အောင်မင်္ဂလာဇာတ်ရုံ၌ အိမ်ထောင်စု ၉၇ စု၊ လူဦးရေ ၄၂၇ ဦးတို့အား ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ဆန်အိတ်များ ထောက်ပံ့ပေးထားကြောင်း။

ကလေးဝမြို့၌ ဩဂုတ် ၈ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကလေးဝ-ကလေး ကားလမ်း မိုင်တိုင်အမှတ်(၁/၃)နှင့် (၁/၄)အကြား၊ (၂/၆)နှင့် (၂/၇) တို့အကြား တောင်ပြိုကျကာ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ပြီး ချင်းတွင်းမြစ်ရေကြီးမှုကြောင့် ကလေးဝမြို့ ဗိုလ်ချုပ်လမ်းပေါ်၌ ရေကျော်လျက်ရှိကြောင်း၊ မင်းကင်းမြို့၌ ဩဂုတ် ၉ ရက်တွင် ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် အမှတ်(၃)ရပ်ကွက်ရှိ အိမ်ထောင်စု နှစ်စုအား ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရှိရသည်။

ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်-မွှာလ်ဘင်း လမ်းပေါ်ရှိ သစ်သားခင်းသံပေါင်ဘေလီတံတား ချောင်းရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားကြောင်း၊ ထို့အပြင် တီးတိန်-တွန်းဇံ ကားလမ်းရှိ တံတားတစ်စင်း နိမ့်ကျမှုဖြစ်ပွား၍ ယာဉ်သွားလာမှု ရပ်တန့်သွားခဲ့ကြောင်း၊ တီးတိန်-သိုင်းငင်း ကားလမ်းနေရာအချို့တွင် မြေပြိုကျမှုကြောင့် ယာဉ်သွားလမ်းပိတ်ဆို့ ပြတ်တောက်သွားကြောင်း၊ ထို့အတူ ထပ်လွီးရွာ-ထန်ဇန်ရွာသွား မြေသားလမ်းရှိ ထန်ဇန်သစ်သားတံတားနှင့် ထန်နွဲ့ရွာ-တိန်းဇန်ရွာသွား မြေသားလမ်းရှိ ဟန်သိုင်းလွီ ချောင်းကူး သစ်သားတံတားတို့သည် ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

ပျက်စီးသွားသော လမ်း၊ တံတားများအား သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်အိမ်ထောင်စုများအား တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက စားသောက်နေထိုင်ရေးအတွက် လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးထားပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဂျပန်နိုင်ငံ‌ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၀

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ITOCHU ကုမ္ပဏီ၏ Executive Vice President Mr. Yuji Fukuda နှင့် Mitsubishi ကုမ္ပဏီမှ အကြီးတန်းအမှုဆောင်အရာရှိများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်ဧက စပါးတင်း ၁၀၀အထက် ထွက်ရှိရေး သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုး

ဘိုကလေး၌ ပေါင်းစနစ်ဖြင့် မိုးစပါးစိုက်ပျိုး

ဘိုကလေး ဩဂုတ် ၁၀

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀အထက် ထွက်ရှိစေသည့် ပေါင်းစနစ်ဖြင့် စပါးစိုက်ပျိုးနည်း သရုပ်ပြပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက ဘိုကလေးမြို့နယ် မဂူကျေးရွာအုပ်စု ပိုးလောင်းရွာမရှိ တောင်သူ ဦးလှအေး၏ မိုးစပါးအထွက်ကောင်း လယ်မြေ နှစ်ဧက၌ ကျင်းပသည်။

ယင်းသရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ ဘိုကလေးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မဂူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ဒေသခံ တောင်သူများက သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် စပါးစိုက်ပျိုးနည်းကို လက်တွေ့သရုပ်ပြပါဝင် စိုက်ပျိုးကြသည်။ **(အောက်ပုံ)** (ဝဇ၅)

မှော်ဘီမြို့နယ်၌ သိပ္ပံနည်းကျ မိုးစပါးစိုက်ပျိုး

ရန်ကုန် ဩဂုတ် ၁၀

မှော်ဘီမြို့နယ် ရွှေမြယာကုန်း ကျေးရွာအုပ်စု ကွင်းအမှတ် (၆၈၃)၊ ဦးပိုင် (၉/၆) ရှိ မြို့ဝင်မြို့ထွက်မျိုးသန့်စံပြကွက်၌ ဩဂုတ် ၅ ရက်က မိုးစပါး တစ်ဧက တင်း ၁၀၀ အထက်ထွက်ရှိရေး အတွက် သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့်ပျိုး ထောင်စိုက်ပျိုးထားသော ဆင်းသုခ စပါးစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်း နေမှုနှင့် စနစ်အလိုက် ဆောင်ရွက်ထားမှုကို လက်တွေ့ရှင်းလင်းပြသပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ဝင်း၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးထွန်းလွင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တောင်သူများ တက်ရောက်လေ့လာကြပြီး မြို့နယ် မြေစာရင်းဦးစီးမှူး ဦးချစ်လွင်က စိုက်ဧကနှင့် အထွက်နှုန်းမှန်ကန်ရေး ဆွေးနွေးကာ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက စိုက်ခင်းအတွင်း သက်တမ်းအလိုက် ပင်ပွားထွက်ရှိနေမှု၊ ထွက်ရှိသောပင်ပွားများ ရှင်သန်အောင်မြင်စေရန် ဆောင်ရွက်ထားမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်္ဂပူ၌ ပေါင်းစနစ်ဖြင့် မိုးစပါးစိုက်ပျိုး

အင်္ဂပူ ဩဂုတ် ၁၀

မိုးစပါးတစ်ဧက တင်း ၁၀၀ အထက် ထွက်ရှိရေးအတွက် သရုပ်ပြစိုက်ပျိုးပွဲကို အင်္ဂပူမြို့နယ် ဘိုးရာဇာလယ်ယာကုန်ထုတ်အသင်း အောက်ရွာကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၇၅၉)ရှိ တောင်သူ ဦးမောင်ဝင်း၏ လယ်မြေလေးဧကတွင် ဇူလိုင် ၁၂ ရက်က ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက မိုးစပါးအထွက်တိုးရေး ရှင်းလင်းပြောကြားပြီး ဆင်းသုခစပါးကို ခေတ်မီသိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးမှုကို ကွင်းဝန်ထမ်းများက လက်တွေ့သရုပ်ပြစိုက်ပျိုးကြရာ မကျီးကုန်း၊ အောက်ရွာကြီး၊ သိုက်တူးကွင်း ကျေးရွာများမှ တောင်သူများ တက်ရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သန်လျင်၌ သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် စိုက်ပျိုးအောင်မြင်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိပ္ပံနည်းကျ အထူးအထွက်တိုး စပါးစိုက်ခင်းများစိုက်ပျိုးလျက်ရှိရာ ဩဂုတ် ၅ ရက်က သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာ၌ ဆည်မြောင်းဦးစီးဌာနနှင့် တောင်သူများ အကျိုးတူ သိပ္ပံနည်းကျစိုက်ပျိုးထားသော ရတနာတိုး ၁၀ ဧက စိုက်ခင်းတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တောင်ပိုင်းခရိုင် မန်နေဂျာ ဦးကျော်ကျော်နှင့် ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာများ၊ ဒေသခံ တောင်သူများအားတွေ့ဆုံ၍ ခရိုင်စိုက်ပျိုးရေးမန်နေဂျာက သိပ္ပံနည်းကျပေါင်းပျိုးစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု တောင်သူ ဦးကျော်ခင်၏ လယ်မြေ ၁၂ ဧက စိုက်ခင်းတွင် သိပ္ပံနည်းကျပေါင်းပျိုးစနစ်ဖြင့် စိုက်ပျိုးထားသော စပါးပင်များဖြစ်ထွန်းအောင်မြင်မှုများကို ခရိုင်စိုက်ပျိုးရေးမန်နေဂျာနှင့်ဒေသခံ တောင်သူများ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ဝ၄၉)

မြန်မာ့အလင်း **သတင်းအတိုအထွာ** ၁၀-၈-၂၀၁၁

မိတ္ထီလာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁ ရက်က ကန်တော်မင်္ဂလာခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာဦးစိန်ဝင်းမြင့်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာများ ဟောပြောဆွေးနွေးသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လျှပ်စစ်ဓာတ်အားသုံးစွဲသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအား ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးထင်ကျော်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (၄၃၅)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ မိုးညှင်း၌ နေ့ချင်းပြီးဆောင်ရွက်

ကချင်ပြည်နယ် မိုးညှင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိန်ဝင်းနှင့် မြို့နယ်ဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးတို့ ဦးဆောင်သောဝန်ထမ်းများသည် ဩဂုတ် ၂ ရက်က မော်ဟန်ကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၆၃)**

မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး တပ်ကုန်း၌ကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက် နောင်သဒ်ီ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီက တပ်ကုန်းမြို့ အနော်ရထာရပ်ကွက် နောင်သဒ်ီ အမက ကျောင်း၌ ကျင်းပသည်။ အစည်းအဝေးတွင် သဘာပတိနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်၊ လက်ထောက်မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းမြင့်က ကျောင်း၏တိုးတက်မှုအခြေအနေများကို တင်ပြပြီး အတန်းလိုက်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးထွန်းမင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (၄၁၇)

မိုးရာသီဘောလုံးပြိုင်ပွဲ ကျိုက်ထိုမြို့နယ်၌ကျင်းပ

ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးဖလား အသက် ၂၀ အောက် မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် ညနေ ၃ နာရီက ကင်မွန်းချောင်းကျေးရွာ ဘောလုံးကွင်း၌ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်သူရလှိုင်က အမှာစကား ပြောကြားသည်။ အဆိုပါပြိုင်ပွဲတွင် ကျေးရွာမှ အသက် ၂၀ အောက် အသင်း ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဖြူးမြို့နယ်၌ဟောပြော

မူခင်းကျဆင်းရေး၊ လောင်းကစားမှုပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ဖြူးမြို့နယ် ကညွတ်ကွင်း(အနောက်) မြို့လယ်ခန်းမ၌ ကျင်းပရာ ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက မူခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို ဟောပြောသည်။ ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးသန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ မူခင်းကျဆင်းရေး၊ လောင်းကစားမှုပပျောက်ရေးကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးစန်းလွင်က လူကုန်ကူးမှုဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးစိုးနိုင်က ပြစ်မှုပြစ်ဒဏ်ဆိုင်ရာ ဥပဒေများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးက စာအုပ်စာပေများဖတ်ရှုခြင်းအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

အမကကျောင်းဆောင်သစ် ကွမ်းလုံမြို့နယ်၌ဖွင့်

ရှမ်းပြည်နယ် ကွမ်းလုံခရိုင် ကွမ်းလုံမြို့နယ် ကောင်းဟုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇူလိုင် ၂၈ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ခရိုင်ပညာရေးမှူးဒေါ်ခင်ဌေးနှင့် ကျေးရွာရပ်မိရပ်ဖ ဦးဇယ်တောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်တွင်းကြီး၌ မိုးသည်းမှုကြောင့် နှစ် ၁၀၀ ခန့်ရှိ လက်ပံပင်လဲကျ

တောင်တွင်းကြီးမြို့နယ်တွင် ဇူလိုင် ၃၁ရက်နှင့် ဩဂုတ် ၁ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဘိုကုန်းကျေးရွာအနီး နွားပွဲဈေးအရှေ့ဘက်ရှိ သက်တမ်းနှစ် ၁၀၀ ခန့်ရှိသော လက်ပံပင်ကြီးသည် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီခန့်က တောင်တွင်းကြီး-ပြည်လမ်းမကြီးပေါ်သို့ ကန့်လန့်ဖြတ် လဲကျခဲ့သည်။

အဆိုပါ လက်ပံပင်ကြီးသည် အရှည်ပေ ၁၀၀ ခန့်ရှိပြီး လမ်းပေါ်သို့လဲကျစဉ် ယာဉ်၊ လူနှင့်ပစ္စည်းများ ထိခိုက်ပျက်စီးခဲ့ခြင်းမရှိကြောင်း သိရှိရသည်။ (၁၁၇)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၀

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ တာဝန်ရှိသူတို့က လေဆိပ်တိုးချဲ့ရန်နေရာများ၊ ပြည်တွင်း ပြည်ပခရီးသည် တစ်နှစ်လျှင် ၂ ဒသမ ၇ သန်း ကိုင်တွယ်နိုင်ခဲ့ရာမှ ခရီးသည် ၃ ဒသမ ၈ သန်းအထိ ဝင်ရောက်လာလျှင် ဆောင်ရွက်မည့် စီမံထားရှိမှုများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေးတွင် Services and Facilities ဖြည့်ဆည်းဆောင်ရွက်မည့် အစီအစဉ်များ၊ ခရီးသည်များ ကြန့်ကြာမှုမရှိစေရန် လုပ်ငန်းမှုကြီးကြပ်ရေး ကောင်တာနှင့် အကောက်ခွန်ဦးစီးဌာနတို့က ပြုပြင်ပြောင်းလဲ ဆောင်ရွက်ထားမှုများ၊ လေယာဉ်ဆီဖြည့်တင်းရန် Ground Pipe Point များအား စတင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် လေကြောင်းကုန်စည်တင်ပို့မှု ပိုမိုတိုးတက်လာရန် ဆောင်ရွက်မှုများစသည်တို့ကို ရှင်းလင်းတင်ပြကြသည်။

ခန့်မှန်းထား

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယခင်နှစ်မှစတင်၍ ခရီးသည် ဝင်ထွက်မှုတိုးတက်ခဲ့ရာ ၂၀၁၁ ခုနှစ် ပထမလေးလတာကာလ၌ နိုင်ငံတကာလေကြောင်းလိုင်းများမှ ခရီးသည် ၅ ဒသမ ၁ သိန်း ရှိခဲ့သဖြင့် ယခင်နှစ်ထက် ၂၁ ဒသမ ၆၅ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပြီး ပြည်တွင်းခရီးသည်မှာလည်း ၃ ဒသမ ၆ သိန်းအထိရှိခဲ့ကာ ယခင်နှစ်လေးလတာ ကာလထက် ၂၃ ဒသမ ၄၇ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း၊ ယခင်နှစ်တွင် ပြည်တွင်း ပြည်ပခရီးသည် နှစ်သန်းခန့် ဝင်ထွက်ခဲ့ရာ ယခုနှစ်တွင် ပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးက ခရီးသည်များ လေဆိပ်သို့ဆိုက်ရောက်လာချိန်မှ ပြန်လည်ထွက်ခွာသည့်အချိန်အထိ စိတ်ချမ်းမြေ့စေရေး ပိုမိုကြိုးစားလုပ်ဆောင်ကြရန် လိုကြောင်း ဖြင့်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ပထွက်ခွာခန်းမနှင့် ဆိုက်ရောက်ခန်းမသို့ ရောက်ရှိပြီး ဆိုက်ရောက်ခရီးသည်များ၊ လူဝင်မှုကြီးကြပ်ရေးကောင်တာတွင် နိုင်ငံကူးလက်မှတ် စစ်ဆေးခံမှု အချိန်ကြန့်ကြာခြင်းမရှိစေရန် လေဆိပ်လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ်များ လျှော့ချခြင်း၊ ယခင်ထက် ဝန်ထမ်းများ နှစ်ဆထားရှိခြင်း၊ ကောင်တာများ၏ ဖွဲ့စည်းပုံ၊ Layout Plan များ ပြင်ဆင်ထားရှိခြင်းတို့ကြောင့် ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မှု၊ ဆိုက်ရောက် ခရီးသည်များ၏ ပစ္စည်းများအား ကြန့်ကြာမှုမရှိစေဘဲ စစ်ဆေးနိုင်ရန် နောက်ဆုံးထွက်ခွာသည့် Custom Counter တွင် X- Ray စက်အသစ်များ ထပ်မံဖြည့်တင်းမည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လေကြောင်းပညာသိပ္ပံသို့ ရောက်ရှိခဲ့ရာ ကျောင်းအုပ်ကြီး ဦးသန်းမင်းက ကမ္ဘာ့လေကြောင်းအဖွဲ့ချုပ် ရန်ပုံငွေဖြင့် လေကြောင်းပညာသိပ္ပံသင်တန်းများ ၁၉၉၁ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ လေကြောင်းဆိုင်ရာကဏ္ဍနှင့်ပတ်သက်သောသင်တန်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လေယာဉ်မှူးကြီးလိုင်စင်သင်တန်း၊ မြို့ပြလေကြောင်းလေယာဉ်မှူး လိုင်စင်သင်တန်း၊ လေကြောင်းဆက်သွယ်ရေး၊ လေကြောင်း ဘေးအန္တရာယ် ကင်းဝေးစေရေး၊ လေကြောင်းလုံခြုံရေးတို့နှင့် ပတ်သက်သော သင်တန်းများကို လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မျိုးဆက်သစ်လူငယ်များအား မွေးထုတ်ပေးလျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျွမ်းကျင်လေကြောင်းအီလက်ထရွန်နစ် ပညာရှင်များ၊ လေကြောင်းဆက်သွယ်ရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် တည်ဆောက်ဆဲဖြစ်သော 3D Flight Simulator စီမံကိန်းရုံးသို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်စိုးက 3D Flight Simulator Building တည်ဆောက်မည့် လုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ဤကျောင်းတွင်ပို့ချသည့် သင်တန်းအမျိုးအစား ၁၃ ခုအနက် အဆင့်မြင့်ဆုံးသင်တန်းများဖြစ်သည့် လေယာဉ်မှူးကြီး လိုင်စင်သင်တန်း (Airline Transport Pilot's License - ATPL) တွင် ၂၄၀၊ လေယာဉ်မှူး လိုင်စင်သင်တန်း (Commercial Pilot's License - CPL) တွင် ၁၇၉ ဦးတို့အား သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဤကျောင်းဆင်း လေယာဉ်မှူးများအနက် ပြည်တွင်းလေကြောင်းလိုင်းများတွင် ၁၂၅ ဦး၊ ပြည်ပလေကြောင်းလိုင်းများတွင် ၃၀ တာဝန်ထမ်းဆောင်နေသည့်အတွက် ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ နောင်တွင် စာတွေ့သာမက လေယာဉ်ဖြင့် လက်တွေ့ပျံသန်း သင်ကြားနိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်သည်ဟုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိကြရာ ဩဂုတ် ၁၀ ရက်တွင် ဒေါက်တာစိုးလင်းအပါအဝင် ပုဂ္ဂိုလ် ၁၇ ဦးက ဒီမိုကရက်တစ် မဟာမိတ်ပါတီ (Democratic Alliance Party) ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၄နှင့် ပုဒ်မ ၆ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယ/တတိယအဆင့် သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယ/တတိယအဆင့် သင်တန်းအမှတ်စဉ် (၈၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ်ဦးမျိုးမြင့် **(အပေါ်ပုံ)** တက်ရောက်၍ အမှာစကားပြောကြားရာတွင် သင်တန်းမှ သင်ကြားပေးလိုက်သော ဘာသာရပ်အသီးသီးသည် စာရင်းပညာရှင်များ သိသင့်သိထိုက်သော အခြေအနေအရပ်ရပ်ကို ခြုံငုံမိအောင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ယခုသင်ကြားပေးလိုက်သော ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် ထိရောက်အကျိုးရှိစွာအသုံးချပြီး လုပ်ငန်းအရည်အသွေးများ စဉ်ဆက်မပြတ်တိုးတက်အောင် ကြိုးပမ်းနေကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

တက်ရောက်

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်(တာဝန်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းကထိကများနှင့် သင်တန်းသား သင်တန်းသူ ၁၇၉ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ *ကျော့ဖုံးမှ*

ပြပွဲကြီးများအကြားတွင် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက် ရောင်းချပွဲ နှစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပရတနာကုန်သည်များ တက်ရောက်၍ နိုင်ငံခြားငွေဖြင့်ဝယ်ယူနိုင်သည့် ပြပွဲများ ပြုလုပ်သကဲ့သို့ ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များသာ တက်ရောက်၍ ကျပ်ငွေဖြင့် ဝယ်ယူနိုင်မည့် ယခုလိုပြပွဲမျိုးကို ကျင်းပသွားရန် စီစဉ်ထားရှိကြောင်း၊ အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြီးပြည့်စုံအောင်မြင်စွာ ကျင်းပနိုင်အောင် ကြိုတင်စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ရပ်ရွာအခြေပြု မသန်စွမ်းမှု ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်စတင်ခြင်း မိတ်ဆက်အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများအတွက် ရပ်ရွာအခြေပြုမသန်စွမ်းမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံချက် စတင်ခြင်း မိတ်ဆက်အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက ရွှေမင်းသားဖောင်ဒေးရှင်း အကြောင်း မိတ်ဆက်ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးငွေရက ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် ပြုလုပ်မည့် ရပ်ရွာအခြေပြုမသန်စွမ်းသူ ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)မှ နာယက ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က မသန်စွမ်းသူကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီကားကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝက်နားရွက်ပြာရောဂါကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

နမ္မတူ ဩဂုတ် ၁၀

နမ္မတူမြို့နယ်အတွင်း ဝက်နားရွက်ပြာရောဂါနှင့် အခြားကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားခြင်း မရှိစေရေး၊ ရောင်းချသည့် အသားများ ရောဂါဘယကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ်သောအသားများ ဖြစ်ရေးအတွက် ဇူလိုင် ၅ ရက်က အမှုဆောင်အရာရှိ ဦးဆန်းမင်းနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှဦးစီးမှူး ဒေါက်တာကျော်ညီညီသန့်တို့ပူးပေါင်း၍ မြို့ပေါ်ရှိအသားရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးခြင်း၊ ဝက်မွေးမြူရေးခြံများကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မွေး/ကုဦးစီး)

မြန်မာ့ရုပ်မြင်သံကြား

၁၁-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၀	၂။	**FIFA U-20 WORLD CUP 2011 COLOMBIA ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရှုံးထွက်ပွဲစဉ်) (ဘရာဇီးအသင်းနှင့် ဆော်ဒီအာရေဗီးယားအသင်း)**

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၀	၃။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၃၀	၄။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၄၀	၅။	အတီးပြိုင်ပွဲ
၄:၅၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၀၅	၇။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀	၈။	တေးဂီတအစီအစဉ်
၅:၂၀	၉။	မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက် သစ်ပင်စိုက်
၅:၃၀	၁၀။	ရောင်စုံရေးသီတေးပန်းချီ
၅:၄၅	၁၁။	သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၆:၀၀	၁၂။	ညနေခင်းသတင်း
၆:၁၅	၁၃။	မိုးလေဝသအခြေအနေ
၆:၂၀	၁၄။	ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၆၂)
၆:၄၀	၁၅။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံ့ကြံ့ဖန်ဖန်အမွေဆိုင်** (အပိုင်း-၁၇)
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**အစာလည်းဆေး၊ ဆေးလည်းအစာ**
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၂၁)
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၈၄)

အရောက်လှမ်းလာခဲ့ပါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့သာ. . . .

သတင်းဆောင်းပါး-စန္ဒာခင်

မြန်မာနိုင်ငံမှာ မတ်လလို ခြောက်သွေ့တဲ့ရာသီမှာ (၁၀)တန်းစာမေးပွဲကို ဖြေရပါတယ်။ ဇွန်၊ ဇူလိုင်လို မိုးတွင်းကာလမှာ အောင်စာရင်းထွက်ပါတယ်။ ပြီးတော့ အောက်တိုဘာ၊ နိုဝင်ဘာလို ဆောင်းအေးအေးမှာ တက္ကသိုလ်၊ ကောလိပ်တွေကို စတင်တက်ရောက်ကြပါတယ်။ ကျောင်းသားတစ်ယောက်အဖို့ နွေ၊ မိုး၊ ဆောင်း ရာသီ သုံးပါးစလုံးမှာ ကျောင်းတက်လိုက်၊ စာသင်လိုက်၊ စာမေးပွဲဖြေလိုက်၊ အောင်စာရင်းကြည့်လိုက်နဲ့ လည်ပတ်ခဲ့ရတာ သူငယ်တန်းက စခဲ့ကြရပါတယ်။ ဒီလို ပုံမှန်လည်ပတ်နေတဲ့ ပညာရေးပြက္ခဒိန် ယန္တရားကြီးက မူလတန်း၊ အလယ်တန်း၊ အထက်တန်းတွေမှာ မထူးခြားခဲ့ပေမယ့် (၁၀)တန်းကနေ တက္ကသိုလ်အကူးအပြောင်းကတော့ ထူးခြားလှတယ်လို့ ပြောရမှာပါ။ အတန်းစဉ်အလိုက် အတူသွား၊ အတူစား၊ အတူကစားခဲ့တဲ့ ငယ်ပေါင်းတွေကလည်း (၁၀)တန်းပြီးသွားတာနဲ့ ရွေးချယ်လိုက်တဲ့ ဘာသာရပ်နဲ့ တက္ကသိုလ်အပေါ်မူတည်ပြီး ကွဲကွာသွားကြပါတယ်။ တက္ကသိုလ်ကဘွဲ့တွေ ကိုယ်စီရပြီးကြတော့လည်း အသက်မွေးမှုလမ်းကြောင်းအပေါ်အခြေခံလို့ ပြန်မဆုံဖြစ်ကြတာများပါတယ်။ ရံဖန်ရံခါ အကြောင်းတိုက်ဆိုင်လို့ရယ်၊ အာစရိယပူဇော်ပွဲလို ပွဲလမ်းမျိုးတွေမှာရယ်လောက်သာ ငယ်ပေါင်းသူငယ်ချင်းတွေနဲ့ ပြန်ဆုံဖြစ်ကြပါတော့တယ်။

ဒါကြောင့် ကျောင်းသားဘဝမှာ စိတ်လှုပ်ရှားမှုအပေးဆုံးနဲ့ ထူးခြားမှုအရှိဆုံးကာလကတော့ (၁၀)တန်းစာမေးပွဲဖြေဆိုရတဲ့ နွေရာသီအစလို၊ တက္ကသိုလ်တွေစဖွင့်တဲ့ ဆောင်းရာသီ အဆုံးကာလလိုပဲ ရည်ညွှန်းရမှာပါ။ ဒီကြားထဲက အောင်စာရင်းတွေ ထုတ်ပြန်ပေးတဲ့ မိုးအေးအေးနဲ့ နေ့တစ်ရက်ကိုလည်း မေ့မရတဲ့အပြင် ပြန်တွေးလိုက်တိုင်းမှာ အားရတာတွေရော၊ အားမရတာတွေရော စုပြုံပေါင်းစပ်နေတဲ့ ခံစားမှုမျိုးရနေတုန်းဖြစ်ပါလိမ့်မယ်။ ဒီလို ခံစားမှုအားလုံးကို ဘဝအမောတွေ၊ လူမှုဒုက္ခအမောတွေ

မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားတွင် သဘင်ပညာဌာနမှ ကျောင်းသား ကျောင်းသူများ ဖျော်ဖြေတင်ဆက်စဉ်။

မရှိသေးတဲ့ နုနယ်ဖြူစင်လှတဲ့ ကျောင်းသားဘဝရဲ့ အရသာတွေလို့ မှတ်ယူနိုင်ပါတယ်။

အခုနှစ် (၁၀)တန်းအောင်ထားတဲ့ ကျောင်းသား၊ ကျောင်းသူတွေအဖို့ ဘာသာရပ်အလိုက် ရမှတ်တွေထုတ်ပြီး တက္ကသိုလ်ရွေးချယ်ဖို့ အဆင်သင့်ဖြစ်နေကြပါပြီ။ မကြာခင်မှာ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတွေ ရေးဖြည့်ပြီး လျှောက်ထားရပါတော့မယ်။ ဒီတော့ ကျောင်းသားတွေက အလုပ်ရှုပ်၊ စိတ်ရှုပ်နဲ့ ဖြစ်နေသလို မိဘတွေကလည်း ကလေးအတွက်ဝိုင်းစဉ်းစားလိုက်၊ နီးစပ်ရာတွေကို တိုင်ပင်လိုက်၊ အဖေ၊ အမေနဲ့ ကလေး သုံးဦးသုံးဖလှယ်စကားတွေများလိုက်နဲ့ အသံတွေထွက်နေတဲ့ အချိန်ကာလဖြစ်ပါတယ်။ ဒီတော့ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားတော့မည့် (၁၀)တန်းအောင်ကျောင်းသားတစ်ဦးအတွက် ရွေးချယ်ရာမှာ ဘယ်အချက်တွေက အရေးပါဆုံးလဲဆိုတဲ့ကိစ္စကို စဉ်းစားရမှာဖြစ်ပါတယ်။

အဓိကအကျဆုံးအချက်ကတော့ ကာယကံရှင်ကျောင်းသားရဲ့ မွေးရာပါ ဗီဇ၊ ပါရမီနဲ့ ဝါသနာဖြစ်ပါတယ်။ နောက်တစ်ချက်က ကျောင်းသားရဲ့ ဆန္ဒပြင်းပြမှုနဲ့ စိတ်ပါဝင်စားမှုဖြစ်ပါတယ်။ ဒါ့အပြင်ရရှိမယ့် ဘွဲ့ဒီဂရီကိုအခြေခံပြီး ရေရာသေချာတဲ့ အနာဂတ်ဖန်တီးနိုင်မှုဆိုတဲ့အချက်တွေကို ထည့်သွင်းစဉ်းစားကြပါတယ်။ သို့သော်လည်း တစ်ခါတစ်ရံမှာ အဆိုပါ အချက်အလက်တွေကို မျက်ကွယ်ပြုပြီး စာမေးပွဲရမှတ်တစ်ခုတည်းအပေါ် အခြေခံကာ အမြင့်ဆုံးရနိုင်တဲ့ တက္ကသိုလ်ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားလိုက်ကြပါတယ်။ ကျောင်းသားအနေနဲ့ကလည်း မိဘများ ရွေးချယ်ရာကိုပဲ ငြင်းချက်မရှိ အလွယ်တကူ တက်လိုက်ကြပါတယ်။ တက္ကသိုလ်ဘဝရဲ့ ကနဦးကာလတွေမှာ မသိသာပေမယ့် အလယ်ကာလနဲ့ ဘွဲ့ကြိုကာလတွေမှာ ဗီဇနဲ့ ဝါသနာက အစွမ်းပြလာပါတော့တယ်။ ဝါသနာမပါတဲ့ ဘာသာရပ်ဖြစ်လို့ သင်ကြားရေးမှာ စိတ်မပါ၊ ဆန္ဒပြင်းပြမှုကမရှိ၊ နောက်ဆက်တွဲပြဿနာက ထူးချွန်ဖို့ဝေးစွ၊ အတန်းစဉ်အောင်ဖို့ပါ အခက်အခဲရှိလာပါပြီ။ ဒီလိုနဲ့ ဘွဲ့ရသွားပြန်တော့လည်း နဂိုကမှ ဝါသနာမပါတဲ့အတွက် ဘွဲ့နှင့်မသက်ဆိုင်သော အသက်မွေးမှုတစ်ခုခုကို ရွေးချယ်ပြီးလုပ်ကြပြန်ပါတယ်။ ဒါကြောင့် ဘဝလမ်းကြောင်းက အရှိန်အဟုန် မရနိုင်တော့ဘဲ စမ်းတဝါးဝါးဖြစ်သွားရတဲ့ ဘဝတွေ အမြောက်အမြား နေ့စဉ် တွေ့မြင်နေရပါတယ်။

လူတစ်ယောက်အနေနဲ့ အောင်မြင်တဲ့ဘဝတစ်ခု၊ ထူးချွန်တဲ့ ပညာရှင် ဘဝတစ်ခုရရှိခံစားနိုင်ဖို့ မွေးရာပါဗီဇ၊ ပါရမီနဲ့ ဝါသနာရဲ့ တွန်းအားတွေ အများကြီး လိုအပ်ပါတယ်။ လူမှုပတ်ဝန်းကျင်မှာ ကြိုးစားမှုချင်းအတူတူ၊ ကံဉာဏ်ဝီရိယစိုက်ထုတ်မှုချင်းအတူတူဆိုပေမယ့် အောင်မြင်မှုရလဒ်တွေကွာခြားနေရတော့ အမြဲတမ်း တွေ့မြင်ကြားသိနေရပါတယ်။ ဒီလိုဖြစ်စဉ်ဖြစ်ရပ်တွေကို စနစ်တကျဆန်းစစ် အဖြေထုတ်ကြည့်ပါက တွေ့ရှိချက်က တစ်ခုတည်းတွေ့ရပါလိမ့်မယ်။ အဲဒါကတော့ မွေးရာပါဗီဇ၊ ပါရမီနဲ့ ဝါသနာဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ဒီအချက်ကို အမိအရဖမ်းဆုပ်နိုင်ဖို့က ကာယကံရှင်နဲ့ မိဘနှစ်ပါးပဲဖြစ်ပါတယ်။ ကျောင်းခန်းထဲမှာ ဆရာ ဆရာမက အကဲခတ်ပေးဖို့ ခက်ခဲပါတယ်။ အတန်းစဉ်တစ်လျှောက်မှာ ဆရာ ဆရာမတွေကလည်း နှစ်အလိုက်ပြောင်းနေတဲ့အတွက် ကျောင်းသားအတွက် အကဲခတ်ပေးဖို့၊ အကဲဖြတ်ပေးဖို့ ခဲယဉ်းပါတယ်။ ဒါကြောင့် မိဘတွေက မူလတန်းကစလို့ (၁၀)တန်းအောင်သည်အထိ နှစ်အလိုက်၊ အရွယ်အလိုက်၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ စိတ်ပါဝင်စားမှု၊ ဆန္ဒပြင်းပြမှု၊ ကျွမ်းကျင်မှုနဲ့ အားနည်းမှုစတဲ့အချက်တွေကို လေ့လာတွေ့ရှိ ဖော်ထုတ်နိုင်ပါတယ်။ ကာယကံရှင်ကလေးရဲ့ စိတ်မပါတဲ့ဘာသာရပ် ကျွမ်းကျင်မှုမရှိတဲ့ ဘာသာရပ်ကို ရွေးချယ်ပေးခဲ့ပါက အချိန်တန်လျှင် ဘွဲ့လက်မှတ်ရရုံကလွဲလို့ ဘာမှ အကျိုးထူးလာစရာမရှိနိုင်ကြောင်း တွေ့ရပါလိမ့်မယ်။

ဒါကြောင့် (၁၀)တန်းအောင်မြင်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်ထားတော့မယ့် သားသား၊ မီးမီးတို့ကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်အကြောင်း သတင်းအချက်အလက်တွေကို ပေးချင်ပါတယ်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနမှ ကျောင်းသား ကျောင်းသူများ ရုပ်ရှင်ဇာတ်လမ်း လက်တွေ့ရိုက်ကူးစဉ်။

မြန်မာနိုင်ငံမှာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (၂)ခု ရှိပါတယ်။ တစ်ခုက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာ ဖြစ်ပြီး နောက်တစ်ခုက မန္တလေးမြို့မှာတည်ရှိပါတယ်။ သင်ကြားတဲ့ အထူးပြုဘာသာရပ်တွေကတော့ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ဆိုပြီး (၅)ခု ရှိပါတယ်။ မိမိရွေးချယ်ပြီး သင်ယူလိုက်တဲ့ အထူးပြုဘာသာရပ်ပေါ်မူတည်ပြီး ဝိဇ္ဇာဘွဲ့(ဂီတ)၊ ဝိဇ္ဇာဘွဲ့(သဘင်)၊ ဝိဇ္ဇာဘွဲ့ (ပန်းချီ)၊ ဝိဇ္ဇာဘွဲ့ (ပန်းပု)၊ ဝိဇ္ဇာဘွဲ့ (ရုပ်ရှင်နှင့်ပြဇာတ်) ဆိုပြီး ဘွဲ့အပ်နှင်းပါတယ်။ ဝိဇ္ဇာဘွဲ့ကို ပညာသင်နှစ် (၃)နှစ်သတ်မှတ်ထားပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကိုတော့ (၄)နှစ်သတ်မှတ်ထားပါတယ်။ အထူးပြုဘာသာရပ်တွေအပြင် စာပေဘာသာရပ်များဖြစ်တဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ရသပညာ၊ မြန်မာယဉ်ကျေးမှုသမိုင်း၊ ရှေးဟောင်းသုတေသနပညာ၊ သိပ္ပံ၊ ပထဝီဝင်၊ သင်္ချာ၊ သမိုင်းနဲ့ အရှေ့တိုင်းပညာတွေကိုလည်း သင်ကြားပေးလျက်ရှိပါတယ်။

ဂီတအထူးပြုပညာကို ရွေးချယ်လိုက်ပါက မြန်မာ့ဂီတဖွဲ့သီမှု၊ ဂီတပညာသမိုင်း၊ မြန်မာဂီတဗီဇနှင့် အခြေခံမြန်မာ့ဂီတဖွဲ့စည်းမှုနှင့် ဆင့်ကဲဖြစ်စဉ်၊ မြန်မာ့ဂီတပညာရှင်များနှင့် ကမ္ဘာ့ဂီတပညာရှင်များ၏ အတ္ထုပ္ပတ္တိများ၊ တိုင်းရင်းသားများ၏ ရိုးရာဂီတများ၊ တူရိယာပစ္စည်းများ လက်တွေ့တီးခတ်ခြင်း စတဲ့ ဘာသာရပ်တွေကို အခြေခံကစလို့ အသေးစိတ် သင်ကြားပေးမှာဖြစ်ပါတယ်။

သဘင်အထူးပြုပညာကို ရွေးချယ်လိုက်ပါက အကနှင့် အကဗေဒ၊ ဇာတ်ပို့တေးဂီတ၊ မြန်မာရုပ်စုံပညာ၊ ဇာတ်ညွှန်းရေးပညာ၊ ဇာတ်စင်ညွှန်ကြားမှုပညာ၊ ရွဲပညာ၊ မြန်မာ့ရိုးရာဇာတ်ကြီးပညာ၊ သဘင်ပညာသမိုင်း စတဲ့ ဘာသာရပ်တွေကို ကျွမ်းကျင်တဲ့ ဆရာတွေနဲ့ နိုင်ငံကျော်သဘင်ပညာရှင်တွေက သင်ကြားပေးမှာဖြစ်ပါတယ်။

ပန်းချီအထူးပြုပညာကို ရွေးချယ်မည်ဆိုပါက ပန်းချီနည်းပညာ၊ မြန်မာ့ရိုးရာ ပန်းချီ၊ ပန်းချီခန္ဓာဗေဒ၊ ဒီဇိုင်း၊ ပန်းချီပညာသမိုင်း၊ ရသပန်းချီ၊ အခြေခံပုံဆွဲပညာ၊ လုပ်ငန်းပန်းချီ စတဲ့ ဘာသာရပ်တွေကို သင်ယူရပါလိမ့်မယ်။

ပန်းပုအထူးပြုပညာကို ရွေးချယ်လိုက်ပါက ပန်းပုနည်းပညာ၊ မြန်မာ့ရိုးရာပန်းပု၊ ခန္ဓာဗေဒ၊ အခြေခံပုံဆွဲ၊ Material Technology၊ Contemporary Sculpture၊ ပန်းပုပညာသမိုင်း စတဲ့ ဘာသာရပ်တွေကို စနစ်တကျသင်ကြားပေးမှာ ဖြစ်ပါတယ်။

ရုပ်ရှင်နှင့် ပြဇာတ်အထူးပြုပညာကို ရွေးချယ်လိုက်ပါက ဇာတ်ညွှန်းပညာ၊ စီစဉ်ညွှန်ကြားမှုပညာ၊ ရုပ်ရှင်ဓာတ်ပုံပညာ၊ သရုပ်ဆောင်ပညာ၊ တည်းဖြတ်ပညာ စတဲ့ ဘာသာရပ်တွေကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမှာဖြစ်ပါတယ်။

ဘွဲ့ရရှိပြီးနောက် ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍများနဲ့ ဆက်စပ်နီးနွှယ်နေတဲ့ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကိုလည်း တက်ရောက်သင်ကြားနိုင်ပါတယ်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကို ၂၄-၉-၁၉၉၃ ရက်နေ့က ရန်ကုန်မြို့မှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်လို့ သက်တမ်းအားဖြင့် (၁၈)နှစ်ရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီတက္ကသိုလ်ကျောင်းဆင်းဘွဲ့ရများဟာ သက်ဆိုင်ရာအနုပညာနယ်ပယ်အသီးသီးမှာ နေရာရနေကြပြီဖြစ်ပါတယ်။ တချို့လည်း စာပေဆုများ၊ ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုများ ရရှိခဲ့ကြပါတယ်။ ထူးချွန်ဆုများ မရသော်လည်း ကိုယ်ပိုင်အနုပညာလုပ်ငန်းနဲ့ ဟန်ကျပန်ကျရပ်တည်နေကြသူများလည်း အများအပြားရှိနေပါတယ်။ တချို့ကျတော့ ပြည်ပပညာတော်သင်ရရှိပြီး မဟာဘွဲ့၊ ပါရဂူဘွဲ့များ ရယူပိုင်ဆိုင်ထားကြပြီးဖြစ်တယ်။ နိုင်ငံတကာနဲ့ ယဉ်ကျေးမှု အနုပညာဆိုင်ရာ ပညာရပ်တွေ ပူးပေါင်းဖလှယ်ရေးတွေလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်ရှိ ဆရာ ဆရာမများကလည်း ရေးဆွဲထားတဲ့ သင်ရိုးညွှန်းတမ်းများအပေါ်မှာ ပိုင်ပိုင်နိုင်နိုင် သင်ကြားပေးနိုင်ကြတယ်။ သင်ကြားရေးအထောက်အကူပစ္စည်းများကလည်း အစုံအလင်ရှိသလို ခေတ်မီစတူဒီယိုများ၊ ဇာတ်ရုံများနဲ့ လက်တွေ့ပို့ချပေးလျက်ရှိပါတယ်။ နိုင်ငံကျော်ဂီတ၊ သဘင်၊ ရုပ်ရှင်ပညာရှင်များ၊ ပန်းချီ၊ ပန်းပုပညာရှင်ကြီးများကလည်း အလှည့်ကျလာရောက်ပို့ချပေးတဲ့အတွက် ကျောင်းသားများအတွက် အားရကျေနပ်မှုရရှိတဲ့အပြင် အတွေ့အကြုံ၊ ဗဟုသုတများ တိုးပွားစေခဲ့ပါတယ်။ တက္ကသိုလ်ကို အမျိုးသားအဆင့်သတ်မှတ်ထားတဲ့အတွက် တက္ကသိုလ်ရဲ့ဥပဓိရုပ်ကိုလည်း တက္ကသိုလ်အင်္ဂါရပ်များနဲ့အညီ ဖွဲ့စည်းတည်ဆောက်ထားပါတယ်။

အနုပညာကို ဗီဇ၊ ပါရမီပါရှိတဲ့ သားသား၊ မီးမီးတို့အနေနဲ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကို ဝင်ခွင့်လျှောက်ထားမယ်ဆိုခဲ့ရင် အရည်အချင်း ငါးခု သတ်မှတ်ထားပါတယ်။ (က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ရမည်။ (ခ) လျှောက်ထားသောနှစ်တွင် အသက် (၂၀)နှစ်ထက် မကျော်ရ။ (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါချို့ယွင်းမှုမရှိစေရ။ (ဃ) အကျင့်စာရိတ္တကောင်းမွန်ရမည်။ (င) အနုပညာဝါသနာပါသူဖြစ်ရမည် ဆိုတဲ့အချက်များ ဖြစ်ပါတယ်။

သားသား၊ မီးမီးတို့အားလုံး "အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်" နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်များကို အတော်အသင့်သိသွားပြီလို့ ယူဆပါတယ်။ ဒီတက္ကသိုလ်က သားသား၊ မီးမီးတို့ကို ပါရမီရှင်အဖြစ်ကတစ်ဆင့် ပညာရှင်အဖြစ်ရောက်ရှိသွားနိုင်အောင် စနစ်တကျမြေတောင်မြှောက်ပေးလိုက်မှာဖြစ်ပါတယ်။ ကျွမ်းကျင်တဲ့ ဆရာ ဆရာမပေါင်းများစွာက အသိပညာ၊ အတတ်ပညာနဲ့ အနုပညာတွေကို အစွမ်းကုန်သင်ကြားပို့ချပေးမှာ ဖြစ်ပါတယ်။ တက္ကသိုလ်ဆိုတဲ့ သဘောသဘာဝနဲ့အညီ ဘဝတစ်လျှောက်လုံးအတွက် တွေးခေါ်ကြံဆတတ်မှုများကိုလည်း ဘွဲ့ရတာနဲ့ တစ်ပါတည်းပါသွားနိုင်ဖို့ စီမံသင်ကြားပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် အနုပညာဝါသနာပါတဲ့ (၁၀) တန်းအောင် သားသား၊ မီးမီးတို့ကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များက အသင့်စောင့်ကြိုလျက်ရှိပါကြောင်း သတင်းစကား ပါးလိုက်ရပါတယ်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၁၁(ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၃၀ MRTV-4 သတင်း
၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၂)
၇း၃၀ **FIFA U-20 WORLD CUP COLOMBIA 2011 (France Vs Ecudador) (Live)**
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၄)
၁၀း၂၅ MRTV-4 7th Anniversary Live Show (Day 2(Part-4))
၁၀း၅၅ Activities in the City -မင်းကွန်းခမ္ဘသာရ ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းလှူဒါန်းပွဲ -မိုးကုတ်ဝိပဿနာ အမျိုးသမီးယောဂီများ၏ သိက္ခာထပ်အလှူမင်္ဂလာ
၁၁း၂၅ ယဉ်ကျေးလိမ္မာ တတ်သိစေတာ အောင်ပရဟိတမှာ
၁၁း၃၅ Activities in the City (Viva Board ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနား)
၁၁း၅၀ **သဘင့်အစွမ်း၊ မိုးဆန်းပန်း** (ဇာတ်သဘင်အဖွဲ့ စာနယ်ဇင်းမိတ်ဆက်ပွဲ)
၁၂း၀၅ ရန်ကုန်မြင်ကွင်းကျယ် (SONY Car Audio 2011 New Products Launch)
၁၂း၂၅ ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၁း၀၀ **ခွဲခြမ်းစိတ်ဖြာ သမထဝိပဿနာ** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်း ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၂း၅၅ Activities in the City (ခေတ်ဦးစတီရီယို အနုပညာရှင်များရဲ့ စာနယ်ဇင်း ရှင်းလင်းပွဲ)
၃း၀၅ MBE ၏ မူလတန်းကျောင်း ဆောက်လုပ်လှူဒါန်းပွဲ
၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၂)
၄း၀၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း -၃၄)
၅း၀၀ The Champion of Dance
၅း၄၅ သန့်ရှင်းကျန်းမာ တစ်ရှူးကမ္ဘာ
၆း၀၀ MRTV -4 သတင်း
၆း၂၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၃)
၇း၀၅ MRTV-4 7th Anniversary Live Show (Day 2 (Part-5))
၇း၄၀ အနုပညာမိုးကောင်းကင်
၈း၀၀ MRTV -4 သတင်း
၈း၃၀ **စကားနပန်း** (အိမ်ထောင်စောစောပြုတာကောင်းတယ်၊ အိမ်ထောင်စောစောမပြုတာကောင်းတယ်)
၉း၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၅)
၁၀း၂၀ Style ရှိမှ Star ဖြစ်မယ်
၁၁း၂၅ **FIFA U-20 WORLD CUP COLOMBIA 2011 (Spain Vs Korea Republic) (Delay)**
၁း၁၅ ဂီတသံစဉ်အလှဆင် (တင့်တင့်ထွန်း)
၁း၃၀ အာဟာရနှင့် ကျန်းမာရေး (ဒေါက်တာ ခင်မောင်လွင် ဒေါက်တာ မြင့်မြင့်စိန်)
၂း၀၀ **FIFA U-20 WORLD CUP COLOMBIA 2011 (Brazil Vs Saudi Arabia) (Delay)**
၃း၅၀ ရွှေလာငွေလာ သုံးရောင်ခြယ် မာလကာ
၄း၁၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (ပင်လယ်ရေမှော်စိုက်ပျိုး မွေးမြူရေးလုပ်ငန်း)
၄း၃၅ **အားကိုးအားထား** ဖိုးသောကြာ၊ မိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
၄း၅၀ မွန်တို့မြေမှ ရှေးဟောင်း အမွေအနှစ်တို့တည်ရှိရာ
၅း၀၀ အစီအစဉ်ပြီး၏

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် လောင်းလုံမြို့နယ် ဝေဒီကျေးရွာ၌ ကျေးရွာတောင်သူလယ်သမားများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၀

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ဝေဒီကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျေးရွာတောင်သူ လယ်သမားများနှင့် တွေ့ဆုံ၍ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းများကို ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစုရှယ်ယာငွေကျပ် ၆၂ ဒသမ ၅သိန်းကို အစုရှယ်ယာ ထည့်ဝင်သူများကိုယ်စား လယ်သမား ဦးအောင်ဆန်းတင်ထံ ပေးအပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မတည်ငွေ ထည့်ဝင်သော လုပ်ငန်းရှင်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် အသေးစားချေးငွေ၊ မျိုးစေ့ချစက်နှင့် စက်ကိရိယာများ၊ ဓာတ်မြေသြဇာများကို တောင်သူလယ်သမားများအား ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ အုပ်ရေ ၂၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် လောင်းလုံမြို့နယ် ကျောက်ဆင်ကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းအတွက် ဒေသခံရေလုပ်သားများအား ရေလုပ်ငန်းသုံးပစ္စည်းများနှင့် အသေးစားချေးငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်နှင့် လုပ်ငန်းရှင်များက အသေးစားငွေချေးယူသော ရေလုပ်ငန်းရှင်များအား တစ်ဦးချင်းပေးအပ်သည်။

လှူဒါန်း

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးလက်စာကြည့်တိုက် ဖွံ့ဖြိုးရှင်သန်ရေးအတွက် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ ၂၀၀ကို ပေးအပ်လှူဒါန်းပြီး ကျောက်ဆင်ကျေးရွာ ဓမ္မသုခဘုန်းတော်ကြီးကျောင်း ပြင်ဆင်ရာ၌ သုံးစွဲရန် ဘိလပ်မြေအိတ် ၃၀၀ ကို လှူဒါန်းသည်။

ယင်းနောက် ညပိုင်းတွင် ထားဝယ်မြို့ ကမ်းနားဈေး ဈေးခေါင်းရုံး၌ ဈေးသူဈေးသားများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းများအတွက် အသေးစားချေးငွေထုတ်ချေးမှု အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားတွင်လက်လုပ်လက်စားဈေးသည် ၁၀၀အား တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀နှုန်းဖြင့် ငွေကျပ်သိန်း ၆၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လုပ်ငန်းရှင်များက တစ်ဦးချင်းထုတ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၀

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၂၈	၂၄	နေရာစိပ်စိပ်မိုးရွာမည်	၁၀၀%
၂	ကယားပြည်နယ်	၃၀	၂၃	နေရာစိပ်စိပ်မိုးရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၇	၂၂	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၄	ချင်းပြည်နယ်	၁၇	၁၂	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၄	၂၂	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၂	၂၆	နေရာစိပ်စိပ်မိုးရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၂	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၈	၂၂	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၁	၂၆	နေရာကျဲကျဲမိုးရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၂	၂၅	နေရာကျဲကျဲမိုးရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၂၈	၂၁	နေရာအနှံ့အပြားမိုးရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၄	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၂၈	၂၂	နေရာအနှံ့အပြားမိုးရွာပြီး ဒေသအလိုက် မိုးကြီးနိုင်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၁	၁၈	နေရာစိပ်စိပ်မိုးရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၇	၂၁	နေရာစိပ်စိပ်မိုးရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၃	နေရာစိပ်စိပ်မိုးရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၆	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၀	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ရွာမည်	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၅	နေရာကွက်ကျားမိုးရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ဟင်္သာတမြို့ ပျဉ်းမချောင်းရပ်ကွက် တိုက်ကျောင်းလမ်းရှိ တိုက်ကျောင်းဘုန်းတော်ကြီးကျောင်းတွင် ကျောင်းဆောင်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၂ ရက်ကကျင်းပရာ အလှူရှင် အိပ်ပျက်ကျေးရွာနေ ဦးစံဝင်း(လူမှုထူးချွန်တတိယ)-ဒေါ်ရင်သန်းမိသားစုက အလှူငွေကျပ် ၁၅၅ သိန်း ပေးအပ်လှူဒါန်းစဉ်။ (ဝ၇၅)

အရောင်းကိုယ်စားလှယ်များ ကနေဒါနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၀

TMW Enterprise Ltd. မှ LG အီလက်ထရွန်နစ်ပစ္စည်း အရောင်းကိုယ်စားလှယ် ၂၂ ဦးအား TMW Enterprise Limited နှင့် LG Electronics (Thailand) တို့မှ ပူးပေါင်းစီစဉ်မှုဖြင့် ကနေဒါနိုင်ငံသို့ ဩဂုတ် ၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြပြီး **(အောက်ပုံ)** ကနေဒါနိုင်ငံ မြို့များရှိ ကမ္ဘာကျော်နေရာများသို့ လည်ပတ်ကြည့်ရှုကာ ဩဂုတ် ၁၅ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည် ဖြစ်သည်။

TMW Enterprise Limited အနေဖြင့် LG ကိုယ်စားလှယ်များအား ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဥရောပနိုင်ငံများသို့ ပို့ဆောင်ပေးခဲ့သည့်အပြင် ၂၀၁၀ ကမ္ဘာ့ ဖလားဘောလုံးပွဲကြည့်ရှုရန်အတွက်လည်း တောင်အာဖရိကသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဂုဏ်ပြုခရီးစဉ်များကို နှစ်စဉ် ဆက်လက်စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)



မြင့်မောင်စိုး – စုစည်းသည်

တောင်ပံကစားသမား ချန်ဘာလိန်းအား အာဆင်နယ်နှစ်ရှည်စာချုပ်

လန်ဒန် ဩဂုတ် ၁၀

*ဆောက်သမ်ပတန် တောင်ပံကစားသမား အလက်ဇ် အောက်စ်လာဒီချန်ဘာလိန်း **(အပေါ်ပုံ)** အား အာဆင်နယ်အသင်းက နှစ်ရှည်ကစားသမားအဖြစ် စာချုပ်လိုက်ပြီ ဖြစ်သည်။*

အသက် ၁၇ နှစ်အရွယ်ရှိ တောင်ပံကစားသမား ချန်ဘာလိန်းအား အာဆင်နယ်က ပြောင်းရွှေ့ကြေး ထုတ်ဖော်ကြေညာခြင်းမရှိသော်လည်း ပေါင် ၁၂ သန်းဖြင့် ခေါ်ယူဖွယ်ရှိကြောင်း မီဒီယာများက ပြောကြားသည်။

ဝင်ရောက်

ချန်ဘာလိန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသက် ၂၁ နှစ်အောက် အင်္ဂလန်အသင်း၌ ၄၁ ပွဲ ကစားခဲ့ရာတွင် ၁၀ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သူသည် ဆောက်သမ်ပတန် ဘောလုံးသင်တန်းကျောင်းတွင် ဘောလုံးပညာရပ်များ သင်ယူခဲ့ပြီး အသက် ၁၆ နှစ်အရွယ်တွင် ကြေးစားဘောလုံးလောကသို့ ဝင်ရောက်ခဲ့သည်။

ချန်ဘာလိန်းသည် ယခုနှစ်အတွင်း အာဆင်နယ်က ခေါ်ယူခဲ့သည့် တတိယမြောက် ဘောလုံးသမားဖြစ်သည်။ ၎င်းမတိုင်မီက အာဆင်နယ်အသင်းသည် ချာလ်တန်မှ နောက်တန်းကစားသမား ဂျင်ကင်ဆင်နှင့် ပြင်သစ်ကလပ် လီလီတို့မှ တိုက်စစ်မှူး ဂါဗင်ဟိုတို့အား ခေါ်ယူစာချုပ်ခဲ့သည်။

(အင်တာနက်)

အန်ဒါလက်ချ် တိုက်စစ်မှူး ချယ်လ်ဆီးအသင်းခေါ်ယူ

လန်ဒန် ဩဂုတ် ၁၀

ချယ်လ်ဆီးအသင်းက အန်ဒါလက်ချ် လူငယ်တိုက်စစ်မှူး ရိုမီလူလူကာကူးအား စာချုပ်ချုပ်ရန် သဘောတူညီလိုက်ပြီ ဖြစ်သည်။

အသက် ၁၈ နှစ်အရွယ်ရှိ လူကာကူး(အောက်ပုံ)သည် ဆေးစစ်ဆေးပြီးနောက် မကြာမီ ချယ်လ်ဆီးသို့ ရောက်ရှိလာတော့မည်ဖြစ်သည်။ အန်ဒါလက်ချ်က ၎င်း၏ တိုက်စစ်မှူး လူကာကူးအား ချယ်လ်ဆီးသို့ ရောင်းချလိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ သို့သော် ပြောင်းရွှေ့ကြေးကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

တောင်းဆို

တိုက်စစ်မှူး လူကာကူးအား ပြီးခဲ့သည့်လက ပေါင် ၁၈ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။ သို့သော် အန်ဒါလက်ချ်က ယင်းပြောင်းရွှေ့ကြေးထက် ပိုပြီး တောင်းဆိုခဲ့ကြောင်း သိရသည်။

"တိုက်စစ်မှူး လူကာကူးဟာ လူငယ် တိုက်စစ်မှူးတွေထဲမှာတော့ အလားအလာရှိတဲ့ ကစားသမားပါပဲ" ဟု ချယ်လ်ဆီး နည်းပြ ဗီးလက်ဘိုစ်က ပြောကြားသည်။

ဂိုးသွင်းအများဆုံး

လူကာကူးသည် ၂၀၀၉-၂၀၁၀ ဘောလုံးရာသီတွင် အသက် ၁၆ နှစ်အရွယ်မှစပြီး ကြေးစားဘောလုံးသမား ဖြစ်လာသည်။ ၎င်းသည် ဘယ်လ်ဂျီယံတွင် ဂိုးသွင်းအများဆုံး တိုက်စစ်မှူး ဖြစ်သည်။

(အင်တာနက်)

သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ခရမ်းမြို့နယ်၌ မိုးစပါးစိုက်ပျိုး

နေပြည်တော် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ကြီးကြပ်မှုဖြင့် မျိုးပြောင်းလဲရေး၊ တစ်ဧကမျိုးစေ့နှုန်းလျှော့ချရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအား သိသာစွာအထောက်အကူပြုသည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အပျိုကြီးတဲစုကျေးရွာ လယ်သူမကြီး ဒေါ်မူမူချို၏ ကွင်းအမှတ်(၇၈၈-အီး)၊ ဦးပိုင် ၃၂/ခြောက်ဧက၌ တောင်သူများနှင့် ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ၊ ခရမ်းမြို့နယ် မန်နေဂျာနှင့် ဝန်ထမ်းများပူးပေါင်း၍ မိုးစပါးပျိုးပင်များကို လက်တွေ့စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဒေးဒရဲမြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက်က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီးရှိ ဒေးဒရဲမြို့နယ်အသင်း ဓမ္မာရုံ၌ကျင်းပရာ အသင်းသူ အသင်းသားများက လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ အလားတူ ဇူလိုင် ၃၁ ရက်တွင် ဒေးဒရဲမြို့ မင်္ဂလာကန်ကျောင်း၌ စုပေါင်းလှူဒါန်းပွဲကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းမြင့်နှင့်အလှူရှင်များ၊ အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများက စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဇူလိုင် ၂၈ ရက်က ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဦးအောင်မျိုးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဟောပြောမည်

ရန်ကုန် ဩဂုတ် ၁၀

Myanmar Search International (MSI) ပညာရေးဝန်ဆောင်မှုမှကြီးမှူး၍ အင်ဂျင်နီယာနှင့် သိပ္ပံပညာရပ်များဆိုင်ရာ ဟောပြောပွဲကို ဩဂုတ် ၁၃ ရက် (စနေနေ့) ညနေ ၃ နာရီခွဲမှ ၅ နာရီခွဲအထိ အလံပြဘုရားလမ်းရှိ 'Park Royal Hotel Meeting Room(2)' တွင် စင်ကာပူနိုင်ငံရှိ PSB Academy မှ'Mr.Phang Piao Chun, Head of School, Head of Engineering, Master of Science in Electrical Engineering, National University of Singapore (NUS), Bachelor of Engineering Electrical Engineering (First Class Honours) Nanyang Technological University(NTU)' တက်ရောက်ဟောပြောမည်ဖြစ်ပြီး Curtin University, Taylor's University, Nottingham University တက္ကသိုလ်များတွင် တက်ရောက်ခဲ့သူ မလှမဉ္ဇူက အတွေ့အကြုံများကို ဆွေးနွေးဟောပြောမည်ဖြစ်သည်။ ၄င်း PSB Academy သည် ဩစတြေးလျနိုင်ငံရှိ University of Newcastle (UON), University of Wollongong (UOW) တို့မှ ဘာသာရပ်များကို တိုက်ရိုက်သင်ကြားပို့ချလျက်ရှိပြီး Certificate မှMaster တန်းအထိသင်ယူနိုင်သည့် ဘာသာရပ်များမှာ Business, Commerce (Management, Markting, Public Relations, Supply Chain Management), Communication (Honours), Engineering, IT တို့ဖြစ်ကြကြောင်း သိရသည်။ PSB Academy မှ စစ်ဆေးသော အင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီးတွင် ဩဂုတ်လ ၁၄ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီမှ ၁၁ နာရီကြား ဖြေဆိုရမည်ဖြစ်ရာ အသေးစိတ်အချက်အလက်များကို အမှတ်-၂၃၄ ရွှေဘုံသာအလယ်လမ်း ဒုတိယထပ်(ညာ) ဖုန်း-၀၁-၃၈၉၉၁၅၊ ၂၅၀၉၂၉ နှင့် ၀၉-၅၁၀၃၉၁၅ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

သန်လျင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးမှုစာရင်းကောက်ယူ

ရန်ကုန် ဩဂုတ် ၁၀

သန်လျင်မြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် လုပ်ခွင့်ရဧကအလိုက် တောင်သူဦးရေစာရင်းနှင့် မိုးစပါးမြေပြင်အမှန်စိုက်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးမှူး ဦးအောင်သန်းလွင်၊ သန်လျင်မြို့နယ် မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူးဦးသောင်းရွှေနှင့်ဝန်ထမ်းများ ဩဂုတ် ၃ ရက်က လက်ယက်စမ်းကျေးရွာအုပ်စု၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

စာပေဟောပြောပွဲ အင်းစိန်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်းမ၌ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ သတ္တမအကြိမ်မြောက် စာပေဟောပြောပွဲနှင့် ရေးသူဖတ်သူဆွေးနွေးပွဲကို ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဟောပြော

ဟောပြောပွဲသို့ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် စာပေဝါသနာရှင်ပရိသတ်များတက်ရောက်ကြပြီး အခမ်းအနားတွင် စာရေးဆရာ စံဇာဏီဘို နှင့် စာရေးဆရာမဒေါက်တာနိုက်တင်ဂေးလ် (ခ) ယဉ်မင်းဦး (ဆေး တက္ကသိုလ်)တို့က စာပေအနုပညာအကြောင်းများကို ဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(စာပေနှင့်စာနယ်ဇင်း)

မြန်မာ့အလင်း မှုခင်းသတင်း

ထော်လာဂျီနှင့် မော်တော်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ

လှိုင်ကော် ဩဂုတ် ၁၀

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါ်နိုးကူးရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှေ့ ဒေါ်နိုးကူးလမ်းမပေါ်တွင် ထော်လာဂျီနှင့် မော်တော်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိ၍ မော်တော်ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသောဖြစ်ရပ်တစ်ခု ဩဂုတ် ၄ ရက်ညက ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဒေါ်နိုးကူးလမ်းမပေါ်တွင် လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက်နေ ဦးတင်အောင် အသက်(၅၀) အရှေ့မှအနောက်သို့မောင်းနှင်လာသော ထော်လာဂျီကားနှင့် ၎င်းလမ်းအတိုင်း လွိုင်ကော်မြို့ ဒေါ်နိုးကူးရပ်ကွက်နေ ဦးတင်ထွန်း (၃၅) နှစ် အနောက်မှအရှေ့သို့မောင်းနှင်သော မော်တော်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုတွင် မော်တော်ဆိုင်ကယ်မောင်းနှင်သူ ဦးတင်ထွန်းမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာကအရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။ (၁၂၆)

မိတ္ထီလာတွင် ဆိုင်ကယ်နှစ်စီးတိုက်

မိတ္ထီလာ ဩဂုတ် ၁၀

မိတ္ထီလာတွင် ဩဂုတ် ၅ ရက် ညနေ ၆ နာရီက ဆိုင်ကယ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ ဇင်ကိုကိုထွေးမောင်းနှင်ပြီး ဆိုင်ကယ်နောက်ခုံတွင် သူငယ်ချင်းတစ်ဦးလိုက်ပါလာသည့် ရှာယမ်း(အညို)ဆိုင်ကယ် (လိုင်စင်မဲ့)သည် မြို့တွင်း (လက်ဝဲလမ်း)မှ ပြည်သာယာဘက်သို့ မောင်းနှင်လာစဉ် အင်းဝဘဏ်နှင့် ရဲမာန်ဟုန်စတိုးဆိုင်အနီးတွင် ကျီတော်ကုန်းရပ်နေ ဦးမြင့်ကြည် မောင်းနှင်လာသည့် ၁၈ယ/--- လော့ဂျာ(အနက်)ဆိုင်ကယ်က လက်ယာလမ်းဘက်မှ မိတ္ထီလာဈေးပတ်လမ်းဘက်သို့ ချိုးကွေ့လိုက်ရာ အရှိန်မထိန်းနိုင်တော့သဖြင့် ဝင်ရောက်တိုက်မိပြီး ဇင်ကိုကိုထွေးမှာ မျက်နှာတွင်ထိခိုက်ပွန်းပဲ့ဒဏ်ရာနှင့်နှုတ်ခမ်းပဲ့၊ သွားတစ်ချောင်းကျိုးသည့် ဒဏ်ရာများရရှိသွားသည်။ ဦးမြင့်ကြည်မှာ ဦးခေါင်းနောက်စေ့ဖြင့် ကတ္တရာလမ်း ရိုက်မိသည့်ဒဏ်ကြောင့် သတိမေ့လျော့သွားခဲ့ရာ ၎င်းတို့နှစ်ဦးအား မြို့နယ်အရေးပေါ်ပြင်ပလူနာဌာနသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ၎င်းအမှုအား သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၄၃၅)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၀

ပုဇွန်တောင်မြို့နယ် ပညာ့ဗိမာန်စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များလှူဒါန်း

ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာ့ဗိမာန်စာကြည့်တိုက်သို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၄ရက် မွန်းလွဲ ၁နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ အလှူရှင်ဒေါ်သန်းသန်းဝင်းက ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်း တစ်နှစ်စာအတွက် တန်ဖိုးငွေ ၁၄၄၀၀ကျပ်ရှိ စာအုပ်များလှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ရီရီလွင်က လက်ခံယူခဲ့သည်။

(အပေါ်ပုံ)

ပညာ့ဗိမာန်စာကြည့်တိုက်သို့ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံနှင့် စာပေတိုက်အချို့က စာစောင်များ၊ မဂ္ဂဇင်းနှင့် ဂျာနယ်များ လစဉ်ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သံတောင်ကြီးမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ပျားစခန်းကျေးရွာ ရွှေသုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်ကို သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောခူးရီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောတီမသေနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောခူးရီက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောတီမသေက စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ရှင်းလင်းဟောပြောသည်။ ထို့နောက် အလှူရှင်များက စာအုပ်စာစောင်နှင့် ပရိဘောဂများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

စာကြည့်တိုက်မှာ နိုင်ငံတော်မတည်ငွေနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အုတ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်း တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

သတင်းမှတ်စုနှင့်ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၁၁ နာရီက တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဆုပေးပွဲကို ကျင်းပရာ တတိယဆုရရှိသော တောင်ဥက္ကလာပမြို့နယ် အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာမြင့်သိန်းက လည်းကောင်း၊ ဒုတိယဆုရရှိသော သန်လျင်မြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကို ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က လည်းကောင်း၊ ပထမဆုရရှိသောမင်္ဂလာတောင်ညွန့်မြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆုကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်ကလည်းကောင်း ချီးမြှင့်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပထမဆုရရှိသောမင်္ဂလာတောင်ညွန့်မြို့နယ်အသင်း၊ ဒုတိယဆုရရှိသော သန်လျင်မြို့နယ်အသင်း၊ တတိယဆုရရှိသော တောင်ဥက္ကလာပမြို့နယ်အသင်းတို့အား တံခွန်စိုက်ဖလားချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ပထမဆုရရှိသွားသော မင်္ဂလာတောင်ညွန့်မြို့နယ်အသင်းအား တံခွန်စိုက်ဖလား ချီးမြှင့်စဉ်။
(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ အမှတ်(၂) နေပြည်တော်အားကစားကွင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေဖြစ်သွားပြီး နေပြည်တော်လယ်ဝေးအားကစားကွင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြသည်။

ဩဂုတ် ၁၁ ရက် ပွဲစဉ်များအဖြစ် အမှတ်(၂) နေပြည်တော်အားကစားကွင်းတွင် (ခခ)အုပ်စုမှ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်းတွင် သစ်တောရေးရာ ဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-ဂျပန် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပြည်တွင်းတွဲဆိုင်းများကလည်း ဆွဲဆောင်မှုအားကောင်း

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ဇင်လင်းထွန်း(ဓနဖြူ)

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ ရိုးရာအဖွဲ့ချုပ်က ကြီးမှူးပြီး H & S Group မှ ဦးစိုင်းဇော်ဇော် တာဝန်ယူစီစဉ်သော မြန်မာ-ဂျပန် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဩဂုတ် ၁၃ ရက်နှင့် ၁၄ ရက်များတွင် မွန်းလွဲ ၂ နာရီ မှစတင်၍ သိမ်ဖြူအားကစားခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။

<u>ယှဉ်ပြိုင်ကြမည်</u>

ပထမနေ့ မြန်မာ-ဂျပန်တွဲဆိုင်းများအဖြစ် စိုးလင်းဦး(မြန်မာ)နှင့် ရှီနိုဟာရာ(ဂျပန်)၊ ကြယ်လင်းအောင်(မြန်မာ) နှင့် ကူရီနိုး(ဂျပန်) ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ဒုတိယနေ့တွင် ဖိုးကေ(မြန်မာ)နှင့် ခရေဇီ(ဂျပန်)၊ စောငမန်း(မြန်မာ)နှင့် ဆာမူကာဝါ(ဂျပန်)တို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

သပြေအောင် (ဘီလပ်မြေစက်ရုံ)နှင့် ကညောဖိုး(ရွှေကုက္ကို)၊ ဖိုးလပြည့် (Ever Green) နှင့် ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)၊ ဝင်းမောက်(မျိုးဇာနည်)နှင့် သွေးသစ်ဝင်းလှိုင်(မျိုးဆက်သစ်) တို့၏ ပထမနေ့ လေးချီပွဲများက သူ့အရွယ်နှင့် သူ့အစွယ်အလျောက် အဆိပ်ပြင်းကြသူများဖြစ်ပေရာ ပရိသတ်စိတ်တိုင်းကျ ယှဉ်ပြိုင်ထိုးသတ်ကြပေလိမ့်မည်။ ငါးချီစိန်ခေါ်ပွဲများတွင် စိန်လင်းအောင် (ရွှေကုက္ကို) နှင့် ရွှေကျည်ဆံ (ဘီလပ်မြေစက်ရုံ)၊ ပဲပြားမောင်မောင်(ဝါဆို)နှင့်စောဂေါ်မူတို(T&T)၊ သားသား(T&T) နှင့် ဒေါင်းသည်းချေ(ဝါဆို)တို့ ထိုးသတ်ကြမည်ဖြစ်သည်။

ဒုတိယနေ့ လေးချီပွဲများကလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ မင်းမင်းထွန်း(မျိုးဇာနည်)နှင့် မင်းမဟာ (ဘီလပ်မြေစက်ရုံ)၊ စူပါ(မျိုးဆက်သစ်)နှင့် မိုးဟိန်း (ဘီလပ်မြေစက်ရုံ)တို့ တွဲဆိုင်းများက အလဲထိုးပွဲများဖြစ်လာနိုင်ပြီး အသဲစွဲ(ဝါဆို) နှင့် ခိုင်လင်းဦး (တောင်ကလေး)တို့ တွဲဆိုင်းက သမ္မာရင့်ပြီး အသည်းမာသူချင်း ရင်ဆိုင်တွေ့သောပွဲဖြစ်သည်။ ဒုတိယနေ့ ငါးချီစိန်ခေါ်ပွဲများတွင် အောင်စစ်မင်း (မျိုးဆက်သစ်)နှင့် သီရိမောင်မောင် (တောင်ကလေး)၊ မြလင်းအောင် (ရွှေကုက္ကို) နှင့်ဆက်ထူးအောင်(တောင်ကလေး)၊ အစဉ်အလာကြီးခဲ့သော မြို့တော်စည်ပင်ကလပ်မှဝါရင့်လက်ဝှေ့ကျော် ကျန်စစ်အောင်ကို ကလပ်သစ်ဖြစ်သော နဂါးမာန်အဖွဲ့မှ လူသစ်တန်းတူးတူးက စိန်ခေါ်ထိုးသတ်မည့်ပွဲကလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။



ခရေဇီ(ဂျပန်)



ဖိုးကေ(မြန်မာ)

အဆိုပါပွဲများအတွက် ရုံဝင်ကြေး ကျပ် ၁၅၀၀၀၊ ၁၂၀၀၀၊ ၈၀၀၀ သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင် ဗီဒီယို ၃၅ လမ်း(အလယ်) ဖုန်း-၀၁-၂၄၉၁၁၇၊၀၉-၄၉၂၄၅၅၀၅ ၌ ရောင်းချနေပြီဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ အောက်ပါ Laboratory Equipments များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Quotation No.6 (Q)	Laboratory Equipment/ IRR / 2011-2012	
	Commodity	Laboratory Equipments	8 Items

၂။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၈-၈-၂၀၁၁ရက်(ကြာသပတေးနေ့) မွန်းတည့်၁၂း၀၀နာရီတွင် နောက်ဆုံးတင်သွင်းရမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊
ရုံးအမှတ်(၄၃)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၃၁၆

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁ခ/၄၈၂၅၊ ယာဉ်အမျိုးအစား Toyota Hilux၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းသန်းထွေး၊ ၁၃/တကန(နိုင်)၀၆၆၆၇၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

တစ်ဦးတည်းဖြစ်ပါကြောင်း

သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း(၁၀၁၉/က)နေ ဦးချစ်ဦး၏ သားဖြစ်သူ မောင်ချစ်ဇော်ဝင်းနှင့် မောင်သက်ဇော်သည်တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်ချစ်ဇော်ဝင်း(ခ)မောင်သက်ဇော်

အမြန်ပြန်လာပါ

သား ဖြိုးထွဋ်ဝေချို မိဘများ စိတ်ပူနေသည် အမြန်ပြန်လာပါ။

မိခင်
ဒေါ်စန်းစန်းဝင်း

အမြန်ပြန်လာပါ



ဦးအောင်စိုး၏ သားဖြစ်သူ မောင်ဟိန်းထက်အောင် ၁၂/ဒဂမ(နိုင်)၀၂၈၀၅၀ အသက် ၁၅နှစ်ခန့်သည် ၇-၈-၂၀၁၁ရက် နံနက် ၅ နာရီခန့်တွင် နေအိမ်မှ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းလက်ခံထားသူများအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၀၅၂၆၉၇၊ ၀၉-၇၃၁၆၂၃၈၆၊ ၀၁-၅၈၄၄၈၅

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အထက-၁ န၀မတန်းမှ မောင်ကျော်ခိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကြည်စိုး ၈/ရစက(နိုင်)၁၉၈၈၁၂ ဖြစ်ပါသည်။ **ဦးကြည်စိုး**

အမည်ပြောင်း

ဦးဝင်းချို၏သမီး အထက-၃ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တက္ကသိုလ်ဝင်တန်း(J)မှ မငြိမ်းယုခိုင်အား မညိမ်းယုခိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မညိမ်းယုခိုင်**

ဖခင်အမည်မှန်

အထက-၁ အင်းစိန်၊ အဋ္ဌမတန်း(I)မှ မောင်လွင်မိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးကြည်ဝင်း ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မိုးကျော်ဝေ CDC-26212 ၏ SID ကတ် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၁၁၃၆၁



အမည်ပြောင်း

ဦးမြင့်ကြည်၏သမီး အထက-၂ စမ်းချောင်း၊ န၀မတန်း (D)မှ မမိုးစပွာယ်အား မဖူးပွင့်ထိုက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မဖူးပွင့်ထိုက်အောင်

အမြန်ဆက်သွယ်ပါ

သမီးလေး

မိဘများ စိတ်ပူနေတယ်၊ သမီးစိတ်ကြိုက် ဆောင်ရွက်ပေးမည်၊ အမြန်ဆက်သွယ်ပါ။

ဒေါ်ညိုညို ဖုန်း-၀၉-၅၀၄၆၃၇၆
အန်တီဖြူ ဖုန်း-၀၉-၄၃၀၅၅၄၀၇

အမည်ဖြည့်စွက်ခြင်း

လားရှိုးမြို့၊ ရပ်ကွက် ၇၊ အိမ်အမှတ် ဆ/၉/၄၃နေ ဦးတွမ်ပီယို အမည်မှာ ဦးကိုလင်း(ခ)ဦးတွမ်ပီယို ၁၃/လရန(နိုင်)၀၇၇၄၉၄ ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးကိုလင်း(ခ)ဦးတွမ်ပီယို

ဖခင်အမည်မှန်

အထက-၂ ကမာရွတ် တက္ကသိုလ်ဝင်တန်း(အောင်)မှ မောင်မြတ်ကျော်စံနှင့် Grade -7(E) မှ မောင်ကျော်ဆုသွေးတို့၏ ဖခင်အမည်မှန်မှာ ဦးကြည်လွင်(ခ) ဦးကြည်လင်းဖြစ်ပါကြောင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် သန်းကျော်ဌေး P.P-No.A-289880 သည် ခရီးသွားရင်း ပျောက်သွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၆၉၁၆၂၃

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၁၁ ခုနှစ် ဩဂုတ်လ အဆင့်နိမ့်ကျောက်စိမ်းအသားကျောက် ရောင်းချပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များ ကျပ်ငွေဖြင့် ဝယ်ယူနိုင်မည့်
အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ နေပြည်တော်၌ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၀

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၁၁ ခုနှစ် ဩဂုတ်လ အဆင့်နိမ့်ကျောက်စိမ်း အသားကျောက်ရောင်းချပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ အဆင့်နိမ့်ကျောက်စိမ်းအသားကျောက် ရောင်းချပွဲကို နေပြည်တော်၌ ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ ပထမဦးဆုံးအကြိမ် ကျင်းပမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်း တိုင်းရင်းသား လုပ်ငန်းရှင်များအား အရည်အသွေးနိမ့်သည့် အဆင့်နိမ့်အသားကျောက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူပြီး တန်ဖိုးမြင့် ပုတီး၊ လက်ကောက်၊ ဆွဲပြား၊ ရုပ်တုရုပ်ထွင်း အစရှိသဖြင့် အချောထည်များကို ထုတ်လုပ်ရောင်းချနိုင်ရန်ရည်ရွယ်၍ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲပြပွဲများကို ယခင်က ဘဏ္ဍာနှစ်တစ်နှစ်လျှင် သုံးပွဲ ကျင်းပခဲ့ကြောင်း၊ ယခုနှစ်မှစ၍ *စာမျက်နှာ ၈ ကော်လံ ၁* ➔

ချင်းတွင်း၊ ပဲခူး၊ စစ်တောင်းမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၁၀၀၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၉ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၃၀ စင်တီမီတာ (၁ ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၉၅၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၂ စင်တီမီတာ (၁ ဒသမ ၄ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၁၀ စင်တီမီတာ (၀ ဒသမ ၃ ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယနေ့တိုင်းတာရရှိသော ၉၅၂ စင်တီမီတာသည် ၁၉၆၅-၂၀၁၁ နှစ်ပေါင်း ၄၇ နှစ်အတွင်း အမြင့်ဆုံးမြစ်ရေမှတ်ဖြစ်သည်။ ပဲခူးမြစ်ရေ (ပဲခူးမြို့)၏ ယခင် အမြင့်ဆုံးမြစ်ရေမှတ်မှာ ၂၆-၈-၁၉၇၀ နှင့် ၂၁-၇-၁၉၉၄ ရက်များတွင် တိုင်းတာရရှိသော ၉၅၀ စင်တီမီတာ ဖြစ်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၄၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၁ စင်တီမီတာ (၁ ဒသမ ၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**